ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 October 2022 ၁၀၈၈၆


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး နိုင်ငံရေးအရဖြစ်ပေါ်နေသည့် သဘောထားကွဲလွဲမှုများကို မည်သည့်ကန့်သတ်ချက်မှုမထားရှိဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းဖြစ်

## မိမိတို့တစ်ဖွဲ့တည်း၊ တစ်ပါတီတည်းကြည့်၍မရဘဲ ပြည်ထောင်စုစိတ်ဖြင့် ပြည်ထောင်စုအကျိုးကို ရှေးရှုဆောင်ရွက်ကြရန်လို

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့်အတူ (NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်ဗညားလယ်နှင့် ဗဟိုကော်မတီဝင် နိုင်အမ်စိုက်ချမ်းတို့ တက်ရောက်ကြသည်။

### ဆွေးနွေးအဖြေရှာ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး နိုင်ငံရေးအရ ဖြစ်ပေါ်နေသည့် သဘောထား ကွဲလွဲမှုများကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**အချိုးညီစီးပွား ဖွံ့ဖြိုးတိုးတက်ရေး MSMEs များအား ပံ့ပိုးကူညီဆောင်ရွက်ပေး**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်**

စာမျက်နှာ » ၁၂

**ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်**

ဆောင်းပါး စာမျက်နှာ » ၁၈



ကြေးမုံ

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ပေးမှုကိုကြိုဆို

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲကြီး စတင်ကျင်းပနေပြီဖြစ်သည်။ ယခုနှစ် ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးရည်ရွယ်ချက်ဖြင့် နေပြည်တော်တွင် အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကြီးကို တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေးနှင့် အမိမြန်မာနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပေးနိုင်ရေး ဦးတည်ချက်ဖြင့် ဆင်နွှဲနေပြီဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အဓိကလိုအပ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ဆန်ခါတင်ရွေးချယ်ထားသော အနုသုခုမပညာရှင်များ၊ မျိုးဆက်သစ်ပြိုင်ပွဲဝင်များနှင့် နည်းပြ၊ ကြီးကြပ်၊ အုပ်ချုပ်သူများအစုံအလင်ဖြင့် ဗဟိုအဆင့်ပြိုင်ပွဲကျင်းပရာ နေပြည်တော်တွင် ပါဝင်ယှဉ်ပြိုင်နေကြပြီဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ မြန်မာ့အနုသုခုမပညာရပ်များကို တန်ဖိုးထားသော ပြိုင်ပွဲဝင်များအား ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ သီတင်းကျွတ်ကာလ ပွင့်လင်းရာသီတွင် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ပြည်ထောင်စုတစ်ဝန်းမှ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို မြတ်နိုးတန်ဖိုးထား လေ့လာလိုက်စားကြသော အနုသုခုမပညာရှင်များ၊ ဝါသနာရှင်များက ရွှင်လန်းတက်ကြွစွာဖြင့် ပါဝင်ဆင်နွှဲပြိုင်ပွဲဝင်ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအသီးသီး ဆင်နွှဲကြသည်ကို နေပြည်တော်မှ ပြည်သူများက ကြည့်ရှုအားပေးကြသလို နိုင်ငံတစ်ဝန်းမှ သက်ဆိုင်ရာအဖွဲ့များကို ကိုယ်စားပြုသည့် ဒေသများနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များအား မြတ်နိုးတန်ဖိုးထားသူများ၊ စိတ်ဝင်စားသော ပြည်သူများက တိုက်ရိုက်ထုတ်လွှင့်ပြသမှုများကို ကြည့်ရှုအားပေးနိုင်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဦးတည်ချက်ချမှတ်ထားရာ ယခုကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် အဆိုပါဦးတည်ချက်ကို လေးနက်စွာအကောင်အထည်ဖော်သည့် သဘောရှိပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်ပြီး ပြည်ထောင်စုသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေစေရန် လိုအပ်ပါသည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံး ချစ်ခင်ရင်းနှီးစည်းလုံးညီညွတ်မှုရှိရန်လိုအပ်သည်။ တိုင်းရင်းသားလူမျိုးအသီးသီးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးတမ်းစဉ်လာအနုပညာရပ်များရှိသည်။ ဒေသအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုအနုပညာရပ်များသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယင်းတို့သည် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများဖြစ်သည်။ နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သော အမျိုးသားရေးစရိုက်လက္ခဏာအသီးသီးတို့သည် ခေတ်မီတိုးတက်ပြောင်းလဲ ဖြစ်ထွန်းလာမှုများကြားတွင် တိမ်မြုပ်လာသည့်သဘောရှိလာသည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်လာသည်။

သို့ဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေး၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးအားလုံးတို့၏ ဓလေ့ထုံးတမ်းစဉ်လာများပါဝင်သည့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များကို မြှင့်တင်ထုတ်ဖော်အားပေးကြရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အားပေးချီးမြှင့်ခြင်းဖြင့် ကြိုဆိုလိုက်ရပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ပေါက်မြိုင်ကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံး ပရိယတ္တိစာသင်တိုက်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဥ္ဇူကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဓမ္မဝါသီကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ငွေတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိဒေဝနိမ္မိတာရုံကျောင်းတိုက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မန်အိုင်ခေးတိုင်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁- ၁၀ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၄၀၀ | ၁,၉၉၉ | ၁၈,၈၃၅,၈၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၆,၆၉၈ | ၂၃,၄၈၃,၀၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၅၅ | ၁,၂၀၉,၀၀၀ |
| FPB | ၂၀,၀၀၀ | ၂၁,၀၀၀ | ၆၅၈ | ၁၃,၅၉၀,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၉၄ | ၈၂၃,၂၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၃၀၅ | ၈၂၃,၅၅၀ |
| AMATA | ၅,၂၀၀ | ၅,၂၀၀ | ၈ | ၄၁,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၆.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၂.၆၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၉၉၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၉.၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၀၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၁၆.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၅၉.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၀.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၃၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

☆ ရှေ့ဖုံးမှ

မည်သည့် ကန့်သတ်ချက်မျှမထားရှိဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းဖြစ်သည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တို့ကို အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည့် အခြေအနေများ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မွန်ပြည်သစ်ပါတီ(NMSP)အနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးကို ရည်မှန်းချက်ထားပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် အစဉ်တစိုက် ပါဝင်လျှောက်လှမ်းနေသည့် အခြေအနေများ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးအရသာ ဆွေးနွေးဖြေရှင်းရေးကိုလည်း ရပ်တည်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးသည်။

**ဆွေးနွေး**

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီစနစ်တွင် လွှတ်တော်

**☆ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**☆ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်**

သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်သည့် အခြေအနေများ၊ ပါတီများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေးကို အခြေခံသည့်ပါတီ၊ ဒေသကို ကိုယ်စားပြုသည့်ပါတီ၊ တိုင်းရင်းသားကို ကိုယ်စားပြုသည့်ပါတီဟူ၍ရှိပြီး မိမိတို့တစ်ဖွဲ့တည်း၊ တစ်ပါတီတည်းကြည့်၍မရဘဲ ပြည်ထောင်စုစိတ်ဖြင့် ပြည်ထောင်စုအကျိုးကို ရှေးရှုဆောင်ရွက်ကြရန်လိုသည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် လေးလေးနက်နက် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုသည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယခုကဲ့သို့ ဒုတိယအကြိမ် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးခွင့်ရပြီး မည်သည့် ကန့်သတ်ချက်မျှမထားရှိဘဲ ဆွေးနွေးခွင့်ရရှိသည့်အတွက် အားရကျေးဇူးတင်ရှိသည့် အခြေအနေများ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းအား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ကျောဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများမှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ပြန်လည်ကျင်းပနိုင်ခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၁၆ ခုနှစ်တွင် (၂၂) ကြိမ်မြောက် ကျင်းပပြီးစီးစဉ်ကစ၍ ဆက်လက်ကျင်းပ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည်မှာ (၅)နှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခု ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ အားပေးချီးမြှောက်မှု၊ အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းအားထုတ်မှုများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို မြတ်နိုးကြသူများ၏ တောင့်တမျှော်လင့်ချက်တစ်ခုဖြစ်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရှေးယခင်အခါ များနည်းတူ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးအဖြစ် ခမ်းနားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယဉ်ကျေးသော စိတ်သည် ချမ်းသာခြင်းကို ရွက်ဆောင်နိုင်၏ဟု အဆိုအမိန့်ရှိကြောင်း၊ ရိုးရာယဉ်ကျေးမှု၏ ယဉ်ကျေးသောစိတ်ကို အခြေခံသော (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် ချမ်းသာခြင်းကို ဆောင်ယူလာသည့် ပြိုင်ပွဲကြီးတစ်ရပ်ဟု နိမိတ်ကောင်းကို ဆောင် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ကြောင်း။

နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ တွေ့ရှိခဲ့ပြီးဖြစ်သည့် ပရိုင်းမိတ်ရုပ်ကြွင်း အထောက်အထားများအရ ရှေးနှစ်သန်းပေါင်းများစွာကတည်းက လူနှင့် သက်ရှိသတ္တဝါများ၊ သစ်ပင် အစရှိသည့် ရေမြေသဘာဝများ ဖြစ်တည်ခဲ့ပြီးဖြစ်သည်ဟု ပညာရှင်များက သတ်မှတ်ထားကြောင်း။

## ဖြတ်သန်းပေါ်ပေါက်ခဲ့

နိုင်ငံ၏ နေရာဒေသများစွာတွင် ကျောက်ခေတ်နှောင်း၊ ကြေးခေတ်၊ သံခေတ် အစရှိသည့် သမိုင်းဖြစ်စဉ်များ ဖြတ်သန်းပေါ်ပေါက်ခဲ့သည့် အထောက်အထားများလည်း အခိုင်အမာရှိပြီးဖြစ်ကြောင်း၊ လူအများစုဖွဲ့နေထိုင်ရာမှ ရေမြေဒေသ သဘာဝကိုလိုက်၍ သက်ဆိုင်ရာ မျိုးနွယ်တူ အစုအဝေးများကို အကြောင်းပြုသည့် ဘာသာစကား၊ ဒေသိယ အသုံးအနှုန်းများအပြင် ကိုးကွယ်ယုံကြည်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ လူ့ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများစွာကို ပိုင်ဆိုင်ထားရှိခဲ့ကြပြီး ဖြစ်သကဲ့သို့ မြို့၊ ရွာများ သက်ဆိုင်ရာ ပဒေသရာဇ်နိုင်ငံငယ်များ ဆင့်ကဲထူထောင်ခြင်း၊ စီးပွားရေး လူမှုရေးသာမက အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး စွမ်းအားများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ခြင်းများ ရှိခဲ့ကြောင်း။

လူသားတို့ အသက်ရှင်နေထိုင်ရန် အဆင့်ဆင့်ကြိုးပမ်းခဲ့ကြသည့် အသုံးအဆောင် ပစ္စည်းများ၊ လက်နက်ကိရိယာများ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အထောက်အထားအမှတ်အသားများ၊ ဂူနံရံ ဆေးရေးပန်းချီ၊ အနုသုခုမဆိုင်ရာ တူရိယာပစ္စည်း အစရှိသည့် အထောက်အထားများကို တစ်ဆင့်ပြီးတစ်ဆင့် တွေ့ရှိထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ပျူမြို့ပြနိုင်ငံများ ထွန်းကားခဲ့မှုသည်အစောဆုံး တွေ့ရသည့် အထောက်အထားများဖြစ်ကြောင်း၊ ပျူခေတ်ဦးကို ပညာရှင်များက ၂ ရာစုဘီစီဟု သတ်မှတ် ခဲ့ကြကြောင်း၊ တကောင်း၊ ဟန်လင်း၊ မိုင်းမော၊ ဗိဿနိုးနှင့်သရေခေတ္တရာတို့သည် ထင်ရှားသည့် ပျူမြို့တော်ဟောင်းများဖြစ်ကြကြောင်း၊ ပျူတို့သည် ရေသွင်းစိုက်ပျိုးရေး၊ လက်မှုအတတ်ပညာမျိုးစုံ တတ်မြောက်ခဲ့ကြကြောင်း၊ ဒင်္ဂါးသွန်းလုပ်မှု၊ ကျောက်မျက် အဆင်တန်ဆာဖန်တီးမှု၊ ရွှေကို နန်းခတ်သည့် အတတ်ပညာ၊ စဉ့်အိုး၊ မြေအိုး လုပ်ငန်းများအပြင် နန်းတော်များ၊ သာသနိက အဆောက်အုံများနှင့် နေအိမ်များကို စနစ်တကျ တည်ဆောက်နိုင်ခဲ့ကြကြောင်း၊ ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ယုံကြည်ခဲ့ကြပြီးဖြစ်ကြောင်း။

❖ ယဉ်ကျေးသော စိတ်သည် ချမ်းသာခြင်းကို ရွက်ဆောင်နိုင်၏ဟု အဆိုအမိန့်ရှိကြောင်း၊ ရိုးရာယဉ်ကျေးမှု၏ ယဉ်ကျေးသောစိတ်ကို အခြေခံသော (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ချမ်းသာခြင်းကို ဆောင်ယူလာသည့် ပြိုင်ပွဲကြီးတစ်ရပ်ဟု နိမိတ်ကောင်းကိုဆောင် အဓိပ္ပာယ်ဖွင့်ဆိုနိုင်

❖ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွစုစည်းနေထိုင်ခဲ့ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စာပေနှင့် အနုသုခုမယဉ်ကျေးမှုပေါင်း များစွာသည်လည်း ပေါကြွယ်ဝစွာ တည်ရှိနေဆဲဖြစ်

## ခိုင်လုံစွာရှိနေခဲ့ပြီ

တူးဖော်မှု အထောက်အထားများအရသရေခေတ္တရာမြို့ဟောင်း ဦးခင်ဘကုန်းက ဗုဒ္ဓစာပေကို ပျူဘာသာဖြင့် ရေးထိုးထားသည့် ရွှေပေလွှာ အချပ် ၂၀ ကို တွေ့ရှိခဲ့ကြောင်း၊ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစချီဂါထာများ ပါဝင်ကြောင်း၊ ထို့ပြင် ပျူပန်တျာသည် ကြေးရုပ် ၅ ရုပ်ကိုလည်း ကပြတီးမှုတ်ဟန်များနှင့်အတူ တူးဖော်တွေ့ရှိရကြောင်း၊ အေဒီ ၈၀၂ ခုနှစ်တွင် အိမ်နီးချင်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပျူအနုပညာရှင်များအဖွဲ့၏ တူရိယာ ၂၂ မျိုးနှင့်အတူ အဆင့်မြင့်မားစွာ ဖျော်ဖြေတင်ဆက်နိုင်ခဲ့သည့် အထောက်အထားများလည်း ခိုင်လုံစွာရှိနေခဲ့ပြီဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ပျူခေတ်ကိုဆက်ခံသည့် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင် အစရှိသည့် ခေတ်အဆက်ဆက်၌ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုရေးရာ အနုသုခုမပညာရပ်များ အဆင့်ဆင့် ထွန်းကားခဲ့သည်မှာ ယနေ့ မျက်မှောက်ကာလအထိပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ စုစည်းနေထိုင်ခဲ့ကြသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စာပေနှင့် အနုသုခုမယဉ်ကျေးမှုပေါင်း များစွာသည်လည်း ပေါကြွယ်ဝစွာတည်ရှိနေဆဲဖြစ်ကြောင်း၊ ယခုနှစ် ကျင်းပမည့် (၂၃)ကြိမ်မြောက် ပြိုင်ပွဲကြီးတွင် မွန်တိုင်းရင်းသားတို့၏ ရိုးရာအကကို ပြိုင်ပွဲဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်များက စုပေါင်းပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ❍

❍ စာမျက်နှာ ၄ မှ

လွတ်လပ်ရေးရပြီး ၁၉၅၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်တွင် နိုင်ငံတော်ပန်တျာနှင့် ပန်းချီ၊ ပန်းပုကျောင်းများကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်မှစတင်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထိုကျောင်းနှင့် တက္ကသိုလ်များ မဖွင့်လှစ်မီကတည်းက ပညာရှင်ကြီးများအဆက်ဆက်သည် ရိုးရာအနုသုခုမ ပညာရပ်များကို လက်ဆင့်ကမ်း စနစ်ဖြင့် ထိန်းသိမ်းဆင့်ပွားခဲ့ကြကြောင်း၊ နိုင်ငံ၏သမိုင်းနှင့်ယှဉ်၍ ပေါ်ပေါက်လာခဲ့သည့် ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ယခုနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်အထိ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများက နိုင်ငံတစ်နိုင်ငံ၏တန်ဖိုးကို သတ်မှတ်သည့်အခါ အဆိုပါနိုင်ငံ၏ စီးပွားရေး၊ ပညာရေးနှင့် ကာကွယ်ရေးစွမ်းအားများအပြင် သမိုင်းတန်ဖိုးကြီးမားသည့် ယဉ်ကျေးမှုရေးရာ အခန်းကဏ္ဍကိုလည်း ထည့်သွင်းသတ်မှတ်လေ့ရှိကြကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရှည်လျားသည့် ယဉ်ကျေးမှုသမိုင်းကြောင်းများနှင့် ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်များကို စတင်ထမ်းဆောင်စဉ်ကတည်းက ဦးတည်ချက် ၉ ရပ် ချမှတ်တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုရေးဆိုင်ရာ ဦးတည်ချက်များတွင် **"တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး"**ဟူသည့် ဦးတည်ချက်ကို အခိုင်အမာ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

**ကိုယ်ပိုင်အနုပညာစစ်စစ်**

ယနေ့စတင်ကျင်းပမည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် မြန်မာတို့၏ ကိုယ်ပိုင်အဖိုးတန်ရတနာများဖြစ်သည့် သီချင်းကြီး၊ သီချင်းခံ၊ အဆို၊ အတီးပြိုင်ပွဲများ၊ ကိုယ်ပိုင်အနုပညာ စစ်စစ်ဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းကြီး အပါအဝင် မြန်မာ့တူရိယာပစ္စည်းတီးခတ်မှုပြိုင်ပွဲများ၊ ကမ္ဘာသုံးတူရိယာများဖြစ်သည့် စန္ဒရား၊ ဒုံမင်း၊ မယ်ဒလင်၊ တယော၊ ဂီတာအစရှိသော တူရိယာများကို မြန်မာသံမြန်မာဟန်ဖြင့် ယှဉ်ပြိုင်တီးခတ်မည့်ပြိုင်ပွဲများ၊ ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်များနှင့် ငြိမ့်ညောင်းစွာ ကပြကြမည့် အကပြိုင်ပွဲများ၊ မြန်မာအကအခြေခံဖြစ်သည့် ကဗျာလွတ်အကပြိုင်ပွဲများ၊ နှုတ်မှုစွမ်းရည်ပြကွက်စိပ်ပြိုင်ပွဲများ၊ ကမ္ဘာက အလေးအနက်ထားရသည့် မြန်မာ့ရုပ်သေးကြိုးဆွဲပညာ ပြိုင်ပွဲများအပြင် အာရှတိုက် ဒေသတွင်းနိုင်ငံများက အမြတ်တနိုးတန်ဖိုးထားကြသည့် ရာမာယဏပြိုင်ပွဲကြီးကိုလည်း မူရင်းရာမာယဏဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဆို၊ ငို၊ ပြော ပညာရပ်များနှင့်ပေါင်းစပ်၍ ထူးကဲစွာ ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးသည် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဟု ဆိုသော်လည်း ခေတ်အလျောက် ပေါ်ထွန်းလာခဲ့သည့် ရသမြောက် ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေးများအပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းများကိုလည်း ခေတ်နှင့်ယဉ်ပါးသည့် ခေတ်လူငယ်များ သီဆိုယှဉ်ပြိုင်နိုင်ကြရန် ထည့်သွင်းစီစဉ်ထားပြီးဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

> "ပညာရှင်ကြီးများပံ့ပိုးမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယနေ့အချိန်အခါတွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပညာရှင်ကြီးများ၊ မျိုးဆက်သစ်ပြိုင်ပွဲဝင်များအနေဖြင့်လည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့အမျိုးသားယဉ်ကျေးမှု ဂုဏ်သိက္ခာနှင့်တန်ဖိုးကို အလေးထားမြတ်နိုးပြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်အောင် လက်ဆင့်ကမ်းသယ်ဆောင်သွားကြရမည်"

**လက်ဆင့်ကမ်းသယ်ဆောင်သွား**

ဆယ်စုနှစ်သက်တမ်း ထက်ဝက်ကျော်ခန့် ရပ်နားထားခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏အားပေးချီးမြှောက်မှု၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ ကြိုးပမ်းမှုနှင့် ပညာရှင်ကြီးများ ပံ့ပိုးမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယနေ့အချိန်အခါတွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ပညာရှင်ကြီးများ၊ မျိုးဆက်သစ်ပြိုင်ပွဲဝင်များ အနေဖြင့်လည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့အမျိုးသားယဉ်ကျေးမှု ဂုဏ်သိက္ခာနှင့်တန်ဖိုးကို အလေးထားမြတ်နိုးပြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်အောင် လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အနုပညာရှင်များက ဂီတစာဆို အလင်္ကာကျော်စွာ ဦးမောင်မောင်လတ် ရေးစပ်သီကုံးထားသော "ထိန်းသိမ်းစို့လေရိုးရာအမွေ"ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားလာစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ် လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး စသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အချိုးညီစီးပွားဖွံ့ဖြိုးတိုးတက်ရေး MSMEs များအား ပံ့ပိုးကူညီဆောင်ရွက်ပေး

■ ကြည်လင်းခိုင် - ဒုတိယညွှန်ကြားရေးမှူး(DISI, MOI)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်၌ ခင်းကျင်းပြသထားသည့် စားသောက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

### ဖွံ့ဖြိုးမှု၏ အဓိကကဏ္ဍ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံတိုင်း၏ စီးပွားရေး အချိုးညီဖွံ့ဖြိုးတိုးတက်မှု (Equitable Economic Development) ကို ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး ကမ္ဘာတစ်ဝန်းရှိ စွန့်ဦးတီထွင်မှုစွမ်းရည်၊ ဆန်းသစ်တီထွင်မှုနှင့် အလုပ်အကိုင်ရရှိမှုများဖန်တီးပေးနေသော အဓိကစွမ်းဆောင်နေသူများဖြစ်သည်။ လေ့လာမှုများအရ ကမ္ဘာတစ်ဝန်းရှိလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းမှာ MSMEs များဖြစ်ကြပြီး အလုပ်အကိုင်များ၏ ၅၀ ရာခိုင်နှုန်းကျော်ကို MSMEs များက ဖန်တီးပေးထားကြောင်း တွေ့ရသည်။

### အားသာချက်နှင့် အားနည်းချက်များ

MSME များသည် ကော်ပိုရေးရှင်းကြီးများ၊ အကြီးစားလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက ဆုံးဖြတ်ချက်ချမှတ်ရန်နှင့် အကောင်အထည်ဖော်ရန် ပိုမိုမြန်ဆန်ခြင်း၊ ဖောက်သည်များနှင့် ပိုမိုရင်းနှီးစွာ ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်နှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ ဝန်ထမ်းများနှင့် အလုပ်ပတ်ဝန်းကျင်တွင် ကောင်းမွန်သောဆက်ဆံရေးကို တည်ထောင်နိုင်ခြင်း၊ သီးသန့်ဈေးကွက်နယ်ပယ်တစ်ခု သတ်မှတ်၍ ထုတ်လုပ်နိုင်ခြင်း စသည့် အားသာချက်များစွာ ရှိသည်။

သို့ရာတွင် MSMEs အများစုမှာ နည်းပညာ၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာ၊ အတတ်ပညာများရရှိရန်ခက်ခဲခြင်း၊ ဒစ်ဂျစ်တယ်အသုံးပြုမှုကွာဟချက်၊ ငွေကြေးအရင်းအမြစ်များ ရရှိရန်ခက်ခဲခြင်း၊ စက်ကိရိယာများဝယ်ယူရန် ကနဦးမတည်ရင်းနှီးငွေမလုံလောက်ခြင်း၊ အာမခံစနစ်အားနည်းမှုများကြောင့် ငွေကြေးရရှိမှု အလှမ်းမမီခြင်း၊ ထို့အပြင်ဈေးကွက်ရရှိရန်ခက်ခဲခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မှု အားနည်းခြင်း၊ အဆင့်မြင့်နည်းပညာများနှင့် စက်ကိရိယာအသစ်များကို အသုံးပြုနိုင်မှုအားနည်းခြင်း၊ ခိုင်မာပြီးထိရောက်သော စီးပွားရေးစီမံခန့်ခွဲမှုကို အထောက်အကူပြုမည့်အရေးကြီးသောသတင်းအချက်အလက် ရရှိရန်ခက်ခဲခြင်း၊ လုပ်ငန်းစီမံခန့်ခွဲမှု ကျွမ်းကျင်မှုမရှိခြင်း စသည်တို့ကြောင့် ကမ္ဘာ့နိုင်ငံအတော်များများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။

### နိုင်ငံအလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ

နိုင်ငံ၏စီးပွားရေး အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်နှင့် မြို့ရွာများမှ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ပေးနေသည့် MSME များ ရှင်သန်နိုင်စေရေး၊ အာဆီယံနှင့် ကမ္ဘာ့ဒေသတွင်း စီးပွားရေး ပေါင်းစည်းရေးအတွက် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားပြီး နိုင်ငံတကာထုတ်လုပ်မှု ကွင်းဆက်များသို့ ချိတ်ဆက်ဝင်ရောက်နိုင်စေရေး ဆောင်ရွက်ရာ၌ MSME များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပြီး လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးပေးရမည့် တာဝန်မှာ အစိုးရတိုင်း၏တာဝန်ဖြစ်ပါသည်။

ထို့ကြောင့် MSME များအား လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးပေးရန်အတွက် MSME များဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒအမျိုးမျိုးကို နိုင်ငံအလိုက် ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ပံ့ပိုးပေးကြပါသည်။ MSME များ ရင်ဆိုင်နေရသည့် အခက်အခဲများအနက် ငွေကြေးအရင်းအနှီး လက်လှမ်းမမီခြင်းသည် MSME အများစု တွေ့ကြုံရသည့်အခက်အခဲဖြစ်ပြီး အစိုးရ၏ပံ့ပိုးမှုသည် အလွန်လိုအပ်ပါသည်။

ဥရောပ (EU)၏ MSME ဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များသည် အသေးစားလုပ်ငန်းနှင့် လိုက်ဖက်ညီပြီး ဥရောပသို့ ကုမ္ပဏီများ လာရောက်တည်ထောင်ရန်နှင့် စီးပွားရေးလုပ်ဆောင်ရန် ပိုမိုဆွဲဆောင်မှုရှိသောနေရာတစ်ခု ဖြစ်လာစေရန် အတွက်ရည်ရွယ်ပြီး ပံ့ပိုးပေးပါသည်။ သို့ရာတွင် လုပ်ငန်းအရွယ်အစားနှင့် တချို့သော ဝိသေသလက္ခဏာရပ်များကြောင့် MSME များ၏ ချေးငွေရရှိနိုင်မှု အခက်အခဲကို လေ့လာတွေ့ရှိရသည့်အတွက် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ် (European Investment Bank) နှင့် ဥရောပရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (European Investment Fund) တို့မှ MSME များ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် ချေးငွေပုံစံအမျိုးမျိုးဖြင့် ချေးငွေရရှိမှုလွယ်ကူစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။

ရုရှားနိုင်ငံအစိုးရက MSME များမှာလည်း ငွေကြေးအရင်းအမြစ်ရရှိရန်ခက်ခဲမှုကို ဖြေရှင်းရန်အတွက် ချေးငွေအမျိုးအစားများဖြစ်သည့် ဘဏ်ချေးငွေ၊ စက်ကိရိယာဝယ်ယူရန်အတွက် ချေးငွေ၊ အသေးစားချေးငွေ စသည်တို့ဖြင့် ပံ့ပိုးပေးလျက်ရှိပြီး "Six-Year National Project on MSME and Individual Entrepreneurship Support" ကို အကောင်အထည်ဖော်ရန် US $ 6.6 Billions ကို ခွဲဝေချထားရန်စီစဉ်နေကြောင်း လေ့လာသိရှိရပါသည်။

ထို့အတူ အိန္ဒိယအစိုးရကလည်း MSME ငွေကြေးရရှိမှု အဆင်ပြေစေရန်အတွက် ငွေကြေးပံ့ပိုးပေးနိုင်မည့် အစီအစဉ်များဖြစ်သည့် ဘဏ်များမှ အပေါင်ပစ္စည်းမလိုသည့် ချေးငွေ၊ တီထွင်မှု မူပိုင်ခွင့်မှတ်ပုံတင်ရာတွင် ၅၀ ရာခိုင်နှုန်း ထောက်ပံ့ပေးခြင်း၊ ISO အသိအမှတ်ပြုလက်မှတ်ရယူရေးအတွက် ကုန်ကျငွေများအတွက်ပြန်ပေးခြင်း စသည်ဖြင့် ချေးငွေနှင့် ထောက်ပံ့ငွေအမျိုးမျိုး ပံ့ပိုးပေး၍ ပို့ကုန်မြှင့်တင်ခြင်း၊ အဆင့်မြင့်နည်းပညာများ ပေါ်ပေါက်လာစေခြင်းတို့ကို အားပေးပံ့ပိုးပေးလျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောက်တိုဘာ ၄ ရက်က ပြည်မြို့ရှိ သီရိခေတ္တရာရတနာပုံမြို့တော်ခန်းမ၌ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

**"စက်မှုဝန်ကြီးဌာနက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Capacity Building Training သင်တန်းပေါင်း ၃၂၆၅ ကျော် ပံ့ပိုးပေးခဲ့ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ MSME လုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် Regional Action Plan ရေးဆွဲပြီး အဓိကနယ်ပယ် ရှစ်ခုသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ငွေကြေးအရင်းအနှီးများရရှိစေရန် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ JICA နှစ်ဆင့်ချေးငွေအစီအစဉ်၊ CGI ချေးငွေအစီအစဉ်၊ MEB ချေးငွေအစီအစဉ်၊ KfW ချေးငွေအစီအစဉ်၊ RBF ချေးငွေအစီအစဉ်နှင့် Covid-19 ချေးငွေအစီအစဉ်တို့ဖြင့် MSME ၄၅၉၆ ဦးအား ချေးငွေပံ့ပိုးပေးခြင်း စသည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိ"**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲ ကျင်းပ



**စစ်တွေ အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်လိုဏ်ဂူတော်အတွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို သံဃာတော်အရှင်သူမြတ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဆရာတော်ဘဒ္ဒန္တနန္ဒသိရီထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ မဟာထေရ်မြတ်က ပရိတ်ပဋ္ဌာန်းဒေသနာတော်နှင့် ပတ်သက်၍ ဩဝါဒကထာ ချီးမြှင့်တော်မူပြီး စစ်တွေမြို့နယ် သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက ရောင်ခြည်တော်ဖွင့်ဂါထာတော်ဖြင့် ဘုရားရှင်အား ပင့်လျှောက်သည်။ ဆက်လက်၍ လောကာနန္ဒာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သိန်းခိုင်က ပဋ္ဌာန်းတရားတော်နာကြားရန် နတ်ဗြဟ္မာများကို ဖိတ်ကြားပြီး ဒက္ခိဏာရာမကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တတေဇသီရိက ပဋ္ဌာန်းအမွှမ်းဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဩဝါဒါစရိယဆရာတော်ကြီးများက ဦးဆောင်ကာ ဘာဏကသံဃာတော်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဧည့်ပရိသတ်များက မြတ်ပဋ္ဌာန်းဒေသနာတော်မြတ်အား စတင်ဖွင့်လှစ်ပူဇော်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၂ ခုနှစ် အောက်တိုဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ (၁၁-၁၃)ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက် အတွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီ ဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၇ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိခဲ့သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၁၇ မီလီမီတာမှ ၂၇ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၈ မီလီမီတာ အတွင်း အသီးသီးရှိခဲ့ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (စိုစွတ်)အခြေအနေနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

**မိုး/ဇလ**

❂ စာမျက်နှာ ၆ မှ

**မြန်မာနိုင်ငံရှိ MSME များအတွက်**
**နိုင်ငံတော်က ဆောင်ရွက်ပေးနေမှုများ**

ဥရောပ၊ ရုရှား၊ အိန္ဒိယနှင့် ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံမှ MSME များသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပြီး အလုပ်လက်မဲ့နှုန်း ကျဆင်းစေရန် အဓိကဆောင်ရွက်ပေးလျက်ရှိသည့် Key Player များ ဖြစ်ကြပါသည်။ MSME များ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အသစ်များ ပိုမိုဖန်တီးပေးရာတွင် အထောက်အကူပြုစေရန်အတွက် နိုင်ငံတော်အစိုးရက MSME များ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)၊ မူဝါဒ (၂၀၁၅)နှင့် နည်းဥပဒေများ (၂၀၁၆) တို့ကိုရေးဆွဲ၍ စက်မှုဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ်ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Coordination and Cooperation Mechanism (ညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးယန္တရား) ဖြင့် MSME များအား လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးအကောင်အထည်ဖော်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုဝန်ကြီးဌာနက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Capacity Building Training သင်တန်းပေါင်း ၃၂၆၅ ကျော် ပံ့ပိုးပေးခဲ့ခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ MSME လုပ်ငန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် Regional Action Plan ရေးဆွဲပြီး အဓိကနယ်ပယ်ရှစ်ခုသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ငွေကြေးအရင်းအနှီးများရရှိစေရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ JICA နှစ်ဆင့်ချေးငွေအစီအစဉ်၊ CGI ချေးငွေအစီအစဉ်၊ MEB ချေးငွေအစီအစဉ်၊ KfW ချေးငွေအစီအစဉ်၊ RBF ချေးငွေအစီအစဉ်နှင့် Covid-19 ချေးငွေအစီအစဉ်တို့ဖြင့် MSME ၄၅၉၆ ဦးအား ချေးငွေပံ့ပိုးပေးခြင်း စသည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ရာတွင် ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှု၊ ကမ္ဘာ့နိုင်ငံရေး စီးပွားရေးသက်ရောက်မှုနှင့် နည်းပညာ အလျင်အမြန်ပြောင်းလဲလာမှုများကြောင့် ယခင်ကာလများထက်ပို၍ MSME များသည် ငွေကြေးအရင်းအနှီး၊ ဒစ်ဂျစ်တယ်အသုံးချမှုစွမ်းရည်များ၊ အဆင့်မြင့်စက်ကိရိယာများနှင့် နည်းပညာများ၊ ကျွမ်းကျင်လုပ်သားများ၊ စီးပွားစီမံခန့်ခွဲမှုနည်းစနစ်များ၊ သတင်းအချက်အလက်များ၊ ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်ရေးအစီအမံများ ပံ့ပိုးပေးရန် လိုအပ်လာခြင်းနှင့်အတူ လုပ်သာကိုင်သာရှိစေရန် ဖန်တီးပေးထားသော စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ပိုမိုလိုအပ်လာသည်ကို တွေ့ရပါသည်။

**ပြိုင်တူတွန်းကရွှေ့နိုင်ပါသည်**

ထို့ကြောင့် အလုပ်အကိုင်ဖန်တီးရေး၊ စီးပွားရေးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်အရေးကြီးသော စွမ်းဆောင်ရှင်များဖြစ်သည့် MSME များ၏ အခန်းကဏ္ဍနှင့်အခက်အခဲများကို နိုင်ငံတော်က အပြည့်အဝနားလည်ပြီး ၎င်းတို့ကြုံတွေ့နေရသော အခက်အခဲများကိုလျှော့ချ၍ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားပြီး ကြံ့ခိုင်သော MSME များ ဖြစ်လာစေရန်အတွက် MSME များ ရင်ဆိုင်နေရသော အခက်အခဲများအပေါ် မူတည်သည့် သင့်တော်သောလုပ်ငန်းအစီအမံများကို ရေးဆွဲချမှတ်ပြီး ကူညီပံ့ပိုးဖြည့်ဆည်းပေးနေသလို MSME လုပ်ငန်းရှင်များဘက်ကလည်း နိုင်ငံတော်နှင့်အတူလက်တွဲ၍ ဒေသအသီးသီးတွင် အကြားအလပ်မကျန်အောင် အချိုးညီဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်း၍ အားဖြည့်ကူညီဆောင်ရွက်သွားရန်လည်း လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

**"မြန်မာ့စီးပွားရေးအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်"။** ။

## အမျိုးသားစာကြည့်တိုက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးအကြောင်းကြားခြင်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အမျိုးသားစာကြည့်တိုက်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ဖြင့်လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။

အမျိုးသားစာကြည့်တိုက်ဥပဒေ၊ အမျိုးသားစာကြည့်တိုက် နည်းဥပဒေများအရ "အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအပါအဝင် ထုတ်ဝေသူသည် ယင်းတို့ထုတ်ဝေသည့် ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်းတစ်မျိုးစီ၏ ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို အမျိုးသားစာကြည့်တိုက်သို့ အခမဲ့ပေးအပ်ရမည်ဖြစ်ပါသည်။"

အမျိုးသားစာကြည့်တိုက်သည် အမျိုးသားစာပေစုဖြစ်လာစေရန် နိုင်ငံအတွင်း ထွက်ရှိသမျှပုံနှိပ်စာအုပ်စာတမ်း၊ လက်ရေးစာ၊ ပုံနှိပ်စာအုပ်မဟုတ်သော စာပေအနုပညာပစ္စည်းများကို ရယူစုဆောင်းရမည်ဖြစ်ပါသည်။ စုဆောင်းရရှိသည့် စာပေအနုပညာပစ္စည်းများအား ယခင်က ဆောင်ရွက်ခဲ့ခြင်းမရှိသည့် စာငှားဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိပြီး ပုံနှိပ်ထုတ်ဝေသူများထံမှ လက်ခံရရှိမည့် စာပေအနုပညာပစ္စည်းတစ်မျိုးစီ၏ ငါးအုပ်၊ ငါးစောင်၊ ငါးခုထဲမှ နှစ်အုပ်၊ နှစ်စောင်၊ နှစ်ခုစီကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်/ရန်ကုန်) တို့တွင် အများပြည်သူဝန်ဆောင်မှုအတွက် အသုံးပြုသွားမည်ဖြစ်ပြီး တစ်အုပ်၊ တစ်စောင်၊ တစ်ခုကို မြန်မာနိုင်ငံ၏ အမျိုးသားစာပေ အမွေအနှစ်အဖြစ် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ ထိန်းသိမ်းထားရှိသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အမျိုးသားစာကြည့်တိုက်ဥပဒေ အခန်း(၆)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)နှင့် အမျိုးသားစာကြည့်တိုက်နည်းဥပဒေများ အခန်း(၅)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ပုံနှိပ်ထုတ်ဝေသူသည် မိမိထုတ်ဝေသည့် ပုံနှိပ်နှင့် ပုံနှိပ်မဟုတ်သော စာပေအနုပညာပစ္စည်း တစ်မျိုးစီ၏ ငါးအုပ်၊ ငါးစောင် သို့မဟုတ် ငါးခုကို ထုတ်ဝေသည့်နေ့မှ တစ်လအတွင်း စာပေအနုပညာပစ္စည်း ပေးပို့ခြင်းပုံစံ (ပုံစံ-၁)ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ရာဇသင်္ဂဟလမ်း ကုမုဒြာကြာပန်းဝိုင်းအနီး ဥတ္တရသီရိမြို့နယ် ဖုန်း-၀၆၇-၃၄၁၈၄၂၅ (သို့မဟုတ်) အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ်(၆၀၄/၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၀၁-၈၃၇၉၂၉၄ သို့ ဆက်သွယ်၍ အခမဲ့ပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့်အစီအစဉ် ပြပွဲတက်ရောက်မည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုနှင့် ပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများအတွက် ငွေပေးချေမှုတို့နှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





## ဒီဂရီကောလိပ်(ရန်ကုန်)တွင် ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)တွင် ကျောင်းပိတ်ရက်ကာလ လေ့ကျင့်ချိန်အတွင်း အိပ်ဆောင်အလိုက် ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်းရှိ ဘော်လီဘောအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဖွင့်ပွဲစဉ်အဖြစ် ရောဝတီဆောင်အသင်းနှင့် စစ်တောင်းဆောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဘော်လီဘောပွဲစဉ်များကို အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့ရှိ ပရဟိတဂေဟာများတွင် ပညာသင်ကြားလျက်ရှိသော တိုင်းရင်းသားလူငယ်များကို ဆန်နှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကရုဏာသစ်လူငယ်ပရဟိတဖွံ့ဖြိုးရေးဂေဟာနှင့် သက်စမ်းရေပရဟိတဂေဟာသို့ သွားရောက်ခဲ့ပြီး ဆန်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

**အားပေးစကားပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ရှိ ကရုဏာသစ်လူငယ်ပရဟိတဖွံ့ဖြိုးရေးဂေဟာသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ လူငယ်များကို အားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဂေဟာသို့ ဆန် ၁၀ အိတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလေးက လက်ခံရယူသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ပရဟိတဂေဟာအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ မြို့ပတ်လမ်းရှိ သက်စမ်းရေပရဟိတဂေဟာသို့ သွားရောက်ရာ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကဖြင့် ကြိုဆိုကြသည်။

ယင်းနောက် အဆိုပါပရဟိတဂေဟာခန်းမတွင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ ပထမဦးစွာ ဆရာတော်ဦးမိုးဇက်က အဖွင့်ဆုတောင်းပေးပြီး သိက္ခာတော်ရဆရာတော် ဦးကျော်ကျော်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူလူငယ်များကို အားပေးစကားပြောကြားပြီး ဂေဟာသို့ ဆန် ၁၀ အိတ်နှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းရာ သိက္ခာတော်ရဆရာတော် ဦးကျော်ကျော်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ နေကြာစိုက်ပျိုးသွားမည့်တောင်သူများထံသို့ နေကြာမျိုးစေ့များပေးအပ်



**လှည်းကူး အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း နေကြာစိုက်ပျိုးဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် နေကြာစိုက်ပျိုးသွားမည့် ဒေသခံတောင်သူများထံသို့ ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့များ ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

နေကြာမျိုးစေ့များ ပေးအပ်ရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေအောင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းအောင်က မြို့နယ်အတွင်း နေကြာစိုက်ပျိုးရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လှည်းကူးမြို့နယ်အတွင်း နေကြာစိုက်ပျိုးဧက ၈၁၃ ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ် စိုက်ပျိုးကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက နေကြာမျိုးစေ့များကို တက်ရောက်လာကြသည့် ကျေးရွာ ၁၄ အုပ်စုမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် နေကြာစိုက်ပျိုးသွားမည့် တောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတင်ကျင်းပ

## ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၈၈၃ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၇၀ ဖြင့် စနစ်တကျ စိစစ်အကဲဖြတ်

နေပြည်တော် အောက်တိုဘာ ၁၁

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)ကို ကြည့်ရှုအားပေးစဉ်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့် ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၈၈၃ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ် ပညာရှင် ၁၇၀ ဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ယနေ့တွင် “မဟာဂီတ” တေးသီချင်း အဆိုပြိုင်ပွဲကို** မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ခါနွှေဆန်း” (ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ဖန်ထွေလာ”(မွန်) ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ထွန်းလင်းလျှံလက်” (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “သနင်္ဂမည်”(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “လွမ်းဓလေ့”(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပန်းမှုံကြွယ်” (ယိုးဒယား)ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “မင်းခမ်းတော်စုံ” ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ရွှေပန်းပန်အစချီလေးထွေသံကပ်နှင့် မြင်းခင်း” သီချင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က “ရဝေဒေါင်းယဉ်ပျံ” (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀ နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ရွှန်းရွှန်းမြ” (သီချင်းခံ)ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “သည်ဆောင်းဟေမာန်”(ဘွဲ့)ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အာကာတစ်ခို” (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က “ရွှေပစ္စုန်” (ယိုးဒယား) ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်တေး” တေးသီချင်း အဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ရောင်ပေစူး” သီချင်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြူနီညိုပြာ” သီချင်းဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကောင်းသောပညာ” သီချင်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အမေ့အကြောင်း သတင်းကောင်း” သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က “စခန်းအောင်မြေ” သီချင်းဖြင့် လည်းကောင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ကျေးစေတမန်” သီချင်းဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သားမောင်မောင်” သီချင်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အပျိုတော်မလေး မိနှင်းပျို” သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “နားလည်ပေးပါ” သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စိမ်းရောင်စို” သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ် မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက လည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။



အကအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ထိန်းသိမ်းစို့လေ ရိုးရာအမွေ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မွေခံထိုက်စေ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့် မြင့်ပညာအဆင့် ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက

စာမျက်နှာ ၁၀ သို့ ❖




အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။




စောင်းအတီးအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက်အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသား အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

❖ စာမျက်နှာ ၉ မှ

"အားမာန်သစ်တည် ရွှေသို့ချီ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)ပြိုင်ပွဲတွင် တနင်္သာရီ တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပညာပြည့်ဝ နှလုံးလှ" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**စောင်းအတီး ပြိုင်ပွဲကို** အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ)ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "စုံသာ မြိုင်လယ်" (သီချင်းခံ) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ရွှေတညာ" (ယိုးဒယား) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သာဆန်းရဂုံဖွေ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ယသော်ဓရာ" (ယိုးဒယား) ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "ရွှေဘုန်းရွှေဘုန်းတော်" (ကြိုး) ဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းအဖွဲ့လိုက်** အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း** အတီးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (လေ့ကျင့်ရေးဇာတ်ရုံ)၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကုဏ္ဍလာအိုင်" (ယိုးဒယား)ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိုးလုံးပတ်လည်" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညာသပြေဘောင်" (ကြိုး)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ယသော်ဓရာ" (ယိုးဒယား)ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မဏိကဋ္ဌနာ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ရွှေပန်းပန်ငယ်နှင့် ကိုယ်တော်နှင်းနံ့" (လေးထွေသံကပ်)ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သောင်းရွှေလယ်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှိုင်းပြာမှုံဝေ" (ပတ်ပျိုး)ဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**စန္ဒရားအတီးပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောတောင်စွယ်" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ထောင်ရောင်နေကသာ" သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "တောတောင်စွယ်" (ယိုးဒယား)ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောမြိုင်စွန်း" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သာဆန်း" သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မန်းတောင်လက်ယာ" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မိန်ရာသီ" သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မင်္ဂလာ"သီချင်းဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြိုင်ယံရွှေလျှံ" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ယံရွှေလျှံ"သီချင်းဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "မိန်ရာသီ" သီချင်းဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မင်္ဂလာ" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မဲဇာရွှေလီ" သီချင်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်၊




ဆိုင်းတစ်ဦးချင်း ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



စန္ဒရားအတီး အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီး အတီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့်တောင်စွယ်" သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာ တောင်" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို မြတ်နိုးကြသူများ၏ မျှော်လင့်ချက်တစ်ခုဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင်(၂၃)ကြိမ်တိုင်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့ပြီး ငါးနှစ်ကျော်နီးပါး ရပ်နားထားခဲ့ရာမှ ယခု ၂၀၂၂ ခုနှစ်တွင် ရှေးယခင်အခါများနည်းတူ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်ကနေ နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးအဖြစ် ခမ်းနားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခု (၂၃)ကြိမ်မြောက် ပြိုင်ပွဲကြီးတွင် မွန်တိုင်းရင်းသားတို့၏ ရိုးရာအကကို ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက စုပေါင်းပါဝင်ယှဉ်ပြိုင်သွားကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒီပြိုင်ပွဲက ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနဲ့ အမျိုးသားရေးစရိုက်လက္ခဏာများကို ဖော်ကျူးတဲ့ပွဲဖြစ်တဲ့အတွက် အခုလိုပြန်လည်ကျင်းပပေးတာ များစွာဂုဏ်ယူဝမ်းမြောက်ပါတယ် ဦးစန်းကို

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများ အရှည်တည်တံ့ခိုင်မြဲရေးအတွက် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်များ၊ တာဝန်ခံနှင့် ပြိုင်ပွဲအကဲဖြတ်ဒိုင်များ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။


ဦးစန်းကို


မမေသန်းစိန်


ဒေါ်သင်းသင်းမြတ်


ဦးအောင်ကိန်း


ဦးတင်ဦးလေး


မောင်ခန့်စည်သူ

**ဦးစန်းကို**
**(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်က ကရင်ပြည်နယ်တာဝန်ခံဖြစ်ပါတယ်။ ဒီပြိုင်ပွဲက ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနဲ့ အမျိုးသားရေးစရိုက်လက္ခဏာများကို ဖော်ကျူးတဲ့ပွဲဖြစ်တဲ့အတွက် အခုလိုပြန်လည်ကျင်းပပေးတာ များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်အနေနဲ့လည်း အတန်းစုံ၊ နေရာစုံကနေ ပါဝင်ယှဉ်ပြိုင်ထားတဲ့ အကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ပြည်နယ်အနေနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် စုစုပေါင်း ၁၀၀ လာရောက်ယှဉ်ပြိုင်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ ကရင်ရိုးရာဒုံးအကကိုလည်း ဖျော်ဖြေမှာဖြစ်ပါတယ်။ နောက်နှစ်တွေမှာလည်း ဒီလိုမျိုးပြိုင်ပွဲကို ဆက်လက်ကျင်းပပေးပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အတွက် ဆောင်ရွက်သွားသင့်တယ်လို့ ပြောလိုပါတယ်။

**မမေသန်းစိန်**
**(ရခိုင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်)**

ကျွန်မက စောင်းအတီးပြိုင်ပွဲမှာ အဆင့်မြင့်ပညာအဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ စောင်းပညာကို လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက လေ့လာသင်ယူခဲ့တာပါ။ ပြိုင်ပွဲကြီးမကျင်းပမီ ငါးလကတည်းက Camp ဝင်ပြီး ကြိုတင်လေ့ကျင့်ခဲ့တဲ့အတွက် အကောင်းဆုံးယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ရရှိအောင် ကြိုးစားသွားမှာပါ။ အခုလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် စောင်းပညာကို သင်ကြားနေကြတဲ့သူတွေ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့အခါ အတွေ့အကြုံတွေလည်း ရမှာဖြစ်ပါတယ်။ အခုပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်သင်းသင်းမြတ်**
**(အဆိုဒိုင်ချုပ်ဥက္ကဋ္ဌ)**

ကျွန်မက အဆိုနဲ့ပတ်သက်တဲ့ ခေတ်ဟောင်း၊ ကာလပေါ်နဲ့ မဟာဂီတအားလုံးကို တာဝန်ယူရပါတယ်။ အခုလို ဆိုကရေးတီးပွဲ ကျင်းပမယ်ဆိုတော့ အလွန်ဝမ်းသာခဲ့ပါတယ်။ ဝါသနာပါတဲ့အလုပ်ကို ရပ်ထားရတဲ့အချိန်မှာ စိတ်ထဲမကောင်းပါဘူး။ အခုလို ခွင့်ပြုလိုက်တယ်၊ ဒီပွဲကြီးကို ကျင်းပခွင့်ပေးလိုက်တယ်ဆိုတော့ နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်ပါတယ်။ လူဟောင်းတွေနဲ့လည်းတွေ့ရတော့ စိတ်ချမ်းသာရပါတယ်။ အမှတ်ပေးစနစ်နဲ့ပတ်သက်လို့ သီဆိုသူရဲ့ ပင်ကိုသံ၊ အဆိုပညာ၊ စည်းဝါးတို့ကို အဓိကထား အမှတ်ပေးမှာဖြစ်ပါတယ်။

**ဦးအောင်ကိန်း**
**(အတီးဒိုင်ချုပ်ဥက္ကဋ္ဌ)**

ကျွန်တော်က အတီးဒိုင်ချုပ်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ အတီး ၁၃ မျိုးမှာ အကဲဖြတ်မယ့်ဒိုင်တွေကို စီစဉ်ပေးရပါတယ်။ (၂၂) ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲ ပြီးသွားတဲ့အချိန်မှာ ဒိုင်တွေနဲ့ အဆက်အသွယ်ပြတ်သွားပါတယ်။ တချို့အကဲဖြတ်ဒိုင်တွေက ဆုံးပါးသွားကြတာရယ်၊ ကျန်းမာရေးမကောင်းကြတာရယ်ဆိုတော့ အစားထိုးမှုတွေလုပ်ခဲ့ရပါတယ်။ အတီးတူရိယာအားလုံးရဲ့အဆင့်အလိုက် သီချင်းတွေ သတ်မှတ်ချက်ကို ကျွန်တော်က စီစဉ်ပေးရပါတယ်။ အတီးပြိုင်ပွဲတွေ ကျင်းပတဲ့နေရာအားလုံးကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးရပါတယ်။ မြန်မာ့ရိုးရာ၊ မြန်မာ့ယဉ်ကျေးမှုကို အကောင်အထည်ဖော်ပြီး ကမ္ဘာမှာမြန်မာလို့ ထင်ထင်ရှားရှား ရပ်တည်နိုင်အောင် သရုပ်မှန်ပုံစံပြလုပ်ငန်းရပ်ကြီးတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်ပါဝင်ရတဲ့ အခန်းကဏ္ဍမှာ ကျေနပ်အားရပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးတင်ဦးလေး**
**(အဆိုပြိုင်ပွဲ ဒိုင်အဖွဲ့ဝင်)**

ဒီဆိုကရေးတီးပြိုင်ပွဲက ငါးနှစ်၊ ခြောက်နှစ်လောက် ကင်းကွာသွားပြီး အခုပြန်လည်ကျင်းပပေးတဲ့အတွက် ဦးစီးပြုလုပ်ပေးတဲ့ နိုင်ငံတော်မှ တာဝန်ရှိလူကြီးများကို အထူးကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ အဆိုဒိုင်တစ်ယောက်အနေနဲ့ မျိုးဆက်သစ်တွေကို ပြောချင်တာကတော့ ပြဋ္ဌာန်းထားတဲ့သီချင်းတွေကို တစ်ပုဒ်ကောင်း၊ နှစ်ပုဒ်ကောင်း မကျက်ဘဲနဲ့ ပြဋ္ဌာန်းထားတဲ့အပုဒ်ရေအတိုင်း ပြည့်ပြည့်ဝဝ ကျက်ပေးဖို့ လိုပါတယ်။ သီချင်းတွေကိုလည်း မူရင်းတေးသံရှင်အခွေနဲ့ပဲ လေ့ကျင့်ပေးဖို့ လိုပါတယ်လို့ ပြောချင်ပါတယ်။

**မောင်ခန့်စည်သူ ( ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်)**

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲမှာ ကုဏ္ဍလာအိုင်(ယိုးဒယား) သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ သေသေချာချာလေ့ကျင့်ထားတဲ့အတွက် အောင်မြင်မှုရရှိမယ်လို့လည်း မျှော်လင့်ပါတယ်။ အခုအကြိမ်နဲ့ဆို ဝင်ရောက်ယှဉ်ပြိုင်တာ သုံးကြိမ်ရှိပါပြီ။ ပတ္တလားတစ်ဦးချင်းပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ သက်တမ်းအလိုက်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေကို ရရှိခဲ့ပါတယ်။ ပြိုင်ပွဲမကျင်းပဖြစ်တာ နှစ်အနည်းငယ်ကြာပြီဖြစ်ပေမယ့် ဒီနှစ်မှာ ပြန်လည်ကျင်းပပေးတဲ့အတွက် ဝမ်းသာပါတယ်။ အခုလိုပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်။

**တွေ့ဆုံမေးမြန်း– ဟိန်းသန့်အောင်**
**ဓာတ်ပုံ– ကျော်ထိန်အေး**

## အုတ်ဖိုမြို့၌ လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**အုတ်ဖို အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့များအား လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင်အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၁/၂၂) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေကိုလည်းကောင်း၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။



အဆိုပါသင်တန်းကို ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင် သင်တန်းသား ၁၃၀ တက်ရောက်ပြီး သင်တန်းကာလကိုအောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ရသေ့တောင် အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေရုံးတို့ ပူးပေါင်း၍ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။




ရှေးဦးစွာ ရသေ့တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်ဇာဦးက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် အွန်လိုင်းမှ တစ်ဆင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရသေ့တောင်မြို့နယ်ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးငြိမ်းငြိမ်းစံက ကလေးအလုပ်သမားများနှင့် ပတ်သက်၍ အကာအကွယ်ပေးထားသည့် ဥပဒေများရှိကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီ၊ လုပ်ငန်း ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း အသိပညာပေး ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်းကျော် (ပြန်/ဆက်)**

■

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၁**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ၂၀၂၂-၂၃(၁၃၈၄-၈၅)ခု ပညာသင်နှစ်အတွက် သာသနတက္ကသိလ ဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀) ဝါအောက်ရှိရမည်။

သာသနတက္ကသိလ မဟာဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် သာသနတက္ကသိလ ဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ စေတီယင်္ဂဏဓမ္မာစရိယဘွဲ့တစ်ခုခုရရှိပြီး၊ သက်တော်(၃၅)နှစ်၊ သိက္ခာ (၁၅)ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ပါကြောင်း သိရသည်။

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ (၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ (၅)ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ (၅)ပုစ္ဆာနှင့် အထွေထွေဗဟုသုတ (၅)ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်းနှစ်ရက် ဖြေဆိုကြရမည်ဖြစ်သည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က)အတ္ထယောဇနာ (ခ)ဝါကျသဒ္ဒါ (ဂ)အဓိပ္ပာယတ္ထ (ဃ)ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာ ဖြေဆိုရမည်။

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆုတ်(၉)ရက်၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလ(၁၈)ရက် အင်္ဂါနေ့(အစိုးရရုံးပိတ်ရက်များ)မှအပ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး၊ ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၂)ရက်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်၊ သောကြာနေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာ တက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃဒါန သံဃာတော်အပါး ၁၀၀၀ ဆွမ်းကြီးလောင်းလှူပွဲ အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁၁**

ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၏ (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃဒါန သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းသပိတ်လောင်းလှူပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုသိုလ်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်တော်တွင် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား အလှူရှင်များနှင့်အတူ ဆွမ်းသပိတ်များ၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ကြကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။



အလားတူ ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မဟာမုနိဘုရားကြီးနှင့် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂေါပကရုံးခန်းတွင်တွေ့ဆုံကာ ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုရေး အလေးထားဆောင်ရွက်ရန်၊ ဘုရားကြီးပရိဝုဏ်အတွင်းအပြင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေး၊ ဘဏ္ဍာငွေများ သုံးစွဲရာတွင် အလေအလွင့်များ မဖြစ်ပေါ်စေရေးနှင့် လုပ်ငန်းတာဝန်များအပေါ် စေတနာထားဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဘုရားကြီးရင်ပြင်တော်တွင် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတောင်တော်သို့ ညနေပိုင်းတွင် ရောက်ရှိပြီး မန္တလေးတောင်တော်စိမ်းလန်းစိုပြည်ရေးအတွက် တောင်အတက်အဆင်း ကားလမ်းတစ်လျှောက် စိုက်ပျိုးထားသည့်အရိပ်ရအပင်များ ရှင်သန်မှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မန္တလေးတောင်တော်ဆုတောင်းပြည့် မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူကာ ဂေါပကအဖွဲ့ထံ အလှူငွေလှူဒါန်းပြီး လှည့်လည်ကြည့်ရှု၍ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံအစိုးရအချင်းချင်း သဘောတူညီမှုအရ မြန်မာ့တန်းမြင့်ဆန် စတင်တင်ပို့



**နေပြည်တော် အောက်တိုဘာ ၁၁**

ရန်ကုန်မြို့ရှိ ဆူးလေဆိပ်ကမ်းတွင် ဆိုက်ကပ်ရောက်ရှိနေသော MV VTC Ocean သင်္ဘောဖြင့် မြန်မာ့တန်းမြင့်ဆန် တန်ချိန် ၂၁၃၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှု စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**စတင်အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါ သင်္ဘောတင်ပို့မှုသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် နှစ်နိုင်ငံအစိုးရအချင်းချင်း သဘောတူညီထားမှုအရ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ စီစဉ်တင်ပို့ခြင်းဖြစ်သည်။ ယခုနှစ်တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဦးစီးဌာနတို့အကြား တန်းမြင့်ဆန် ငါးရာခိုင်နှုန်း တန်ချိန် ၂၅၀၀၀၀ စာချုပ်ချုပ်ထားပြီးဖြစ်ကြောင်းနှင့် ယခု MV VTC Ocean သင်္ဘောဖြင့် တင်ပို့မှုသည် အဆိုပါစာချုပ်အား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**ညောင်လေးပင် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၁ ရက်က ညောင်လေးပင်မြို့ပေါ်ရှိ လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ဆွေးနွေးမှုများပြုလုပ်**

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေလင်း၊ အဖွဲ့ဝင်(၂) ဦးဇော်မင်းယုနှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များတွင် လုပ်ကိုင်ဆောင်ရွက်နေသော ဆန်စပါးလုပ်ငန်း၊ ဆီလုပ်ငန်း၊ သစ်လျှာထိုးလုပ်ငန်း၊ ကျောက်တိုင်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ သံဆူးကြိုးလိပ်လုပ်ငန်း စသည့်လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကျိုက်ထိုမြို့နယ်၌ ရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**ကျိုက်ထို အောက်တိုဘာ ၁၁**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြက်ခြေနီအသင်း(ခွဲ)တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်းသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့မှူး ဦးဆန်းဝင်းအောင်က သင်တန်း အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြို့နယ်ကြက်ခြေနီအသင်းမှ တပ်ဖွဲ့မှူး ဦးဆန်းဝင်းအောင်နှင့် နည်းပြသုံးဦးတို့က သင်တန်းသား သင်တန်းသူ ၃၅ ဦးတို့အား လေးရက်ကြာ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဆိုမာလီယာနိုင်ငံ၌ မိုးခေါင်မှုနှင့် ဆက်နွှယ်သည့် ဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းအခြေချသူ ၁ ဒသမ ၁၇ သန်းကျော်ထိ တိုးလာ



**မိုဂါဒစ်ရှူး အောက်တိုဘာ ၁၁**

ဆိုမာလီယာနိုင်ငံ၌ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ကာလအတွင်း မိုးခေါင်မှုနှင့် ဆက်နွှယ်သည့် ဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းအခြေချသူ အရေအတွက်သည် ၁ ဒသမ ၁၇ သန်းကျော်အထိ တိုးလာခဲ့ကြောင်း ကုလသမဂ္ဂက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

ဆိုမာလီယာနိုင်ငံ၌ ယခုနှစ် စက်တင်ဘာလအတွင်း မိုးခေါင်မှုကြောင့် လူပေါင်း ၆၈၃၉၃ ဦး ရွှေ့ပြောင်းခဲ့ရခြင်းကြောင့် ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်းတိုးလာကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

ဆိုမာလီယာနိုင်ငံသည် နှစ်နှစ်ကြာသမိုင်းဝင် မိုးခေါင်မှုနှင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း ဆိုမာလီယာနိုင်ငံ၌ ယင်းသို့ မိုးခေါင်မှုမျိုး ကြုံတွေ့ခဲ့ခြင်းမရှိခဲ့ဖူးကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

**ရွှေ့ပြောင်းရသူ တစ်သန်းကျော်ရှိ**

ဆိုမာလီယာနိုင်ငံ၌ ဆယ်စုနှစ်လေးခုအတွင်း အဆိုးရွားဆုံးသောကြုံတွေ့ခဲ့သည့် ယခုမိုးခေါင်မှုဒဏ်ကို ဆိုမာလီနိုင်ငံသား ၇ ဒသမ ၈ သန်းခန့် ခံစားခဲ့ရပြီး ဩဂုတ်လအတွင်းက မိုးခေါင်မှုကြောင့် ရွှေ့ပြောင်းခဲ့ရသည့် ပြည်သူ ၉၉၀၀၀ နီးပါး အပါအဝင် ရွှေ့ပြောင်းရသူ တစ်သန်းကျော်ရှိကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ဆိုမာလီယာနိုင်ငံ၌ နောက်ဆုံးငတ်မွတ်မှုဒဏ် ခံရခြင်းမှာ ၂၀၁၁ ခုနှစ်ကဖြစ်ပြီး အဆိုပါ ငတ်မွတ်မှုဒဏ်ကြောင့် လူပေါင်း ၂၅၀၀၀၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



## အယ်လ်ဆာဗေးဒိုးနိုင်ငံ၌ အပူပိုင်းမုန်တိုင်း ဂျူလီယာကြောင့် အနည်းဆုံးရှစ်ဦး သေဆုံး

**ဆန်ဆာဗေးဒိုး အောက်တိုဘာ ၁၁**

အယ်လ်ဆာဗေးဒိုးနိုင်ငံ၌ အပူပိုင်းမုန်တိုင်း ဂျူလီယာဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး ရှစ်ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၀၀၀ ကျော်သည်လည်း ၎င်းတို့၏နေအိမ်များကို စွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ခိုလှုံခဲ့ကြရကြောင်း အာဏာပိုင်များက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါ သေဆုံးသူများအနက်မှ နှစ်ဦးသည် အုတ်တံတိုင်းပြိုကျမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားသော အသက်အရွယ်ကြီးရင့်သည့် အမျိုးသားတစ်ဦးသည်လည်း ၎င်း၏နေအိမ်၌ သစ်ပင်ပြိုလဲကျမှုဖြစ်ပွားပြီးနောက် သေဆုံးခဲ့ကြောင်း အယ်လ်ဆာဗေးဒိုးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရာအူးလ်ဂျူယာရက်ဇ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အခြားသော တပ်ဖွဲ့ဝင်ငါးဦးသည်လည်း အုတ်တံတိုင်းပြိုကျမှုဖြစ်ပွားပြီးနောက် သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြထားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## တရုတ်နိုင်ငံ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အိုင်တီနည်းပညာဖြင့် ပညာသင်ကြားရေး အဆင့်မြှင့်တင်ဆောင်ရွက်

**လာဆာ အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဒေသခံများအတွက် အိုင်တီနည်းပညာဆိုင်ရာကို လွန်ခဲ့သည့်ဆယ်စုနှစ်များမှစတင်၍ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါဒေသမှ တာဝန်ရှိသူများက ပြောကြားသည်။ ယခုအချိန်တွင် အဆိုပါ ဒေသအတွင်းရှိ မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများတွင် အင်တာနက်ကွန်ရက်များ လွှမ်းခြုံနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အိုင်တီနည်းပညာအသုံးပြုသည့် စာသင်ခန်း ၁၅၁၅၇ ခန်းကို ဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း အဆိုပါဒေသရှိ ပညာရေးဌာနမှ တာဝန်ရှိသူ ညီမာတီဆီရမ်းက ပြောကြားသည်။ ဒေသအတွင်း ပညာသင်ကြားရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် တရုတ်ယွမ်ငွေ ၂၁၅ ဒသမ ၄ ဘီလီယံကို အသုံးပြုခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် ဒေသအတွင်း မူလတန်းကြိုအဆင့်မှ တက္ကသိုလ်အဆင့်အထိ ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် စနစ်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၇၆ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၁၁**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၇၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၉၉၅၂၄၆ ဦးရှိလာကြောင်းတောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၉၅ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၇၀၈ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံ တစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# နယူးဇီလန်နိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချမည်

**ဝယ်လင်တန် အောက်တိုဘာ ၁၁**

နယူးဇီလန်အစိုးရသည် နိုင်ငံအတွင်းစိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်လွှတ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးဆိုင်ရာ အကြံပြုချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း ဝန်ကြီးချုပ် ဂျန်စင်ဒါအာဒန်က ယနေ့ပြောကြားသည်။

**အကြံပြုချက်များရယူ**

အထက်ပါအကြံပြုချက်သည် နယူးဇီလန်နိုင်ငံတွင် ၂၀၃၀ပြည့်နှစ်အရောက်၌ ကာဗွန်ဓာတ်ငွေ့ကို သုညရာခိုင်နှုန်း လျှော့ချရေးရည်မှန်းချက်ကိုလည်း အားဖြည့်သွားမည်ဟု သိရသည်။ နယူးဇီလန်အစိုးရသည် နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကော်မရှင် အပါအဝင် ကျွမ်းကျင်သူပညာရှင်များထံမှ အကြံပြုချက်များရယူခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ လေထုညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာအကြံပြုချက်ထုတ်ပြန်ခြင်းသည် နယူးဇီလန်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအား ၂၀၂၅ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ကင်းစင်ရေးအတွက် အရေးကြီးသည့် ခြေလှမ်းဖြစ်ကြောင်း ဂျင်စင်ဒါအာဒန်က ပြောကြားသည်။

**ဆောင်ရွက်နိုင်မည်**

နိုင်ငံအတွင်းရှိ လယ်သမားများသည် ယခုထုတ်ပြန်ခဲ့သည့် စိုက်ပျိုးရေးလုပ်ငန်းတွင် လေထုညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အကြံပြုချက်ကို အခြေခံပြီး အဆိုပါလုပ်ငန်းတွင် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် နည်းပညာများနှင့်အကြံပြုချက်များအပါအဝင် သုတေသနလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းမှရရှိသည့် အမြတ်



ငွေများကို ၎င်းလုပ်ငန်းတွင် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးအတွက် သုံးစွဲသွားရမည်ဟု စိုက်ပျိုးရေးပညာရှင်ဖြစ်သူ ရော်ဘင်ကလည်း ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# CDF အမည်ခံ အကြမ်းဖက်အဖွဲ့များ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သော ဟားခါးမြို့နှင့် ထန်တလန်မြို့အကြားရှိ သီးမြစ်ချောင်းကူးတံတား ပြန်လည်ပြုပြင်ပြီးစီး၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၁

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသည့်ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။



ဟားခါးမြို့နှင့် ထန်တလန်မြို့ကြားရှိ သီးမြစ်တံတားအား CDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို တွေ့ရစဉ်။



ဟားခါးမြို့နှင့် ထန်တလန်မြို့ကြားရှိ သီးမြစ်တံတားအား ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးသည်ကို တွေ့ရစဉ်။

**ဖောက်ခွဲဖျက်ဆီး**

ထိုသို့လုပ်ဆောင်လျက်ရှိရာ CDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ဟားခါးမြို့နှင့် ထန်တလန်မြို့ကို ဆက်သွယ်ထားသည့် ဟားခါးမြို့၏ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ အရှည်ပေ ၇၀၊ အကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ်အမျိုးအစား သီးမြစ်ချောင်းကူးတံတားကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဒေသန္တရလက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ တံတားကြမ်းခင်းများ ကျိုးကျပေါက်ပြဲပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသဖြင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။

**ပြန်လည်ကောင်းမွန်**

အဆိုပါ CDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဖောက်ခွဲဖျက်ဆီးခဲ့သည့် သီးမြစ်ချောင်းကူးတံတားအား ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် နယ်မြေခံတပ်မတော်သားများက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာအဖွဲ့များက ချင်းပြည်နယ်တံတားအထူးအဖွဲ့(၁)မှ အင်ဂျင်နီယာများနှင့်အတူ ဘေလီဘောင်တစ်လွှာ တပ်ဆင်ခြင်း၊ တံတားရက်မတပ်ဆင်ခြင်း၊ ချုပ်တန်းတပ်ဆင်ခြင်း၊ အခင်းခင်းခြင်း၊ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း စသည့် ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ကာ ယခုအခါ ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာလျက်ရှိကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည့် CDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း တရားမဝင်လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၁

ရခိုင်ပြည်နယ် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း တရားမဝင်လောင်းကစားဝိုင်းများ ပြုလုပ်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အောက်တိုဘာ ၇ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း ကြက်ဝိုင်း/ဖဲဝိုင်း၊ လောင်းကစားဝိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြကြောင်း၊ ထိုသို့စစ်ဆေးစဉ် လောင်းကစားရုံအတွင်း လောင်းကစားပြုလုပ်နေသူများကို တွေ့ရှိပြီး ဖမ်းဆီးရန်ဆောင်ရွက်စဉ် လောင်းကစားပြုလုပ်နေသူ အချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ခြောက်လှန့်ပစ်ခတ်စဉ် ရန်ပြုတိုက်ခိုက်သူတစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး ၁၇ ဦး ဖမ်းဆီးရမိခဲ့ကာ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ယာဉ်တစ်စီး၊ ဆိုင်ကယ် ၄၁ စီး၊





စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း တရားမဝင်လောင်းကစားဝိုင်းပြုလုပ်စဉ် ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် ငွေအချို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးရမိသူများကို စစ်တွေမြို့မရဲစခန်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်လူသုံးကုန်ပစ္စည်း၊ ကျောက်စိမ်းအရိုင်းတုံးများနှင့် မီးသွေးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖားကန့်မြို့ မြို့မရပ်ကွက် ဥရုရတနာကျောက်စိမ်းတောင်တံတားအနီး မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံး ၈၄၅ ကီလိုဂရမ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၅၅၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

**အရေးယူဆောင်ရွက်**

ထို့ပြင် အောက်တိုဘာ ၁၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်ကုန်းမြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ်အတွင်း တရားမဝင် မီးသွေးအိတ်များနှင့် အခြားသားထင်းပေါက်ခြမ်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးလက်ကိုင်အိတ် ၁၂၀ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၉ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု **စုစုပေါင်းမှာ အမှုတွဲသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၁၅၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ယနေ့မွန်းလွဲပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက အသိပညာပေးစကားများပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ အင်းစိန်မြို့နယ်၊ လှည်းကူးမြို့နယ်၊ သန်လျင်မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကော့မှူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး လေးဦးတို့ကို ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား / အမျိုးသမီး ဘောလုံးပြိုင်ပွဲကျင်းပ



**ဘားအံ အောက်တိုဘာ ၁၁**

အခြေခံပညာကျောင်းများမှစတင်၍ ထူးချွန်ထက်မြက်သည့် အမျိုးသား/အမျိုးသမီး မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေး ၂၀၂၂ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်ကြမည်**

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ အခြေခံပညာကျောင်းပေါင်းစုံမှ မြို့နယ်အဆင့် အမျိုးသားဘောလုံးအသင်း ခုနစ်သင်း၊ အမျိုးသမီးဘောလုံးအသင်း ခုနစ်သင်းတို့မှ ကျောင်းသား ကျောင်းသူ ၂၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲကို အောင်သံလွင်အားကစားကွင်း၌လည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဘားအံမြို့မ ဘောလုံးကွင်းတွင်လည်းကောင်း အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘောလုံးအားကစားနည်းဖြင့် မိမိတို့၏ကျောင်း၊ မြို့နယ်၊ ပြည်နယ်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင် ဂုဏ်ဆောင်ပေးနိုင်ကြသူများဖြစ်အောင် ကြိုးစားကြစေလိုပြီး အောင်မြင်မှုအပေါ်မူတည်၍ ထိုက်တန်သည့် ဂုဏ်ပြုချီးမြှောက်မှုများကို ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် သတ်မှတ်ထားသော ဘောလုံးစည်းမျဉ်း/စည်းကမ်း ဥပဒေဘောင်အတွင်းမှ မိမိတို့မြို့နယ်ဘောလုံးအသင်း အနိုင်ရရှိအောင် ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြား၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲကုန်ကျစရိတ်ငွေကျပ် ၂၅၂၃၂၈၀၀ ကို ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန့်စယ်လီလှိုင်ထံ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသားအားကစားသမားအဖွဲ့များအား ငွေကျပ် ၂၇၉၂၀၀၀၀ ကို သက်ဆိုင်ရာမြို့နယ်အလိုက် ခွဲဝေပေးအပ်ချီးမြှင့်ခဲ့ကာ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က အခမ်းအနားတွင် တီးမှုတ်ဖျော်ဖြေပေးသော အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် ဘားအံမြို့နယ် အမျိုးသားဘောလုံးအသင်းနှင့် ကော့ကရိတ်မြို့နယ် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ ဘောလုံးအားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါပွဲစဉ်တွင် ဘားအံမြို့နယ် အမျိုးသားဘောလုံးအသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်ပြင်(၁)ရပ်ကွက်နေ ငုဝါစိုး(ခ)ငုဝါ(ခ)ငယ်လေးသည် ၎င်းအသုံးပြုသည့် “Ngal Lay(Cool)” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာနေ အောင်ဟိန်းထွန်း(ခ)ရှင်းမင်းသန့်သည် ၎င်းအသုံးပြုသည့် “Shin Min Thant” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နတ်ညွှန်းကျေးရွာနေ မျိုးကိုကိုသည် ၎င်းအသုံးပြုသည့် “Tom Tom” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် အောက်တိုဘာ ၁၁**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❖ အကြမ်းဖက်မှု

ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံ အကြမ်းဖက်သမားများက လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ယနေ့အထိ ၆၆ ကေဗွီဓာတ်အားလိုင်း ကိုးလိုင်း၏ တာဝါတိုင် ၁၉ တိုင်နှင့် ၂၃၀ ကေဗွီနှင့် ၁၃၂ ကေဗွီ  လျှပ်စစ်ဓာတ်အားလိုင်းခြောက်လိုင်းတို့၏ တာဝန်တိုင် ၄၅ တိုင်တို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-



၂၃၀ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၈) ပြိုလဲပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။

**၆၆ ကေဗွီ ဓာတ်အားလိုင်းများ၏ တာဝါတိုင် / ကွန်ကရစ်တိုင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ပျက်စီးခဲ့မှုစာရင်း**

| စဉ် | ဓာတ်အားလိုင်းအမည် | တာဝါတိုင်အမျိုးအစား | အကြိမ်ရေ | ပြိုလဲပျက်စီးခဲ့သည့် တိုင်အရေအတွက် | ဆောင်ရွက်မှု အခြေအနေ | ပြင်ဆင်ခဲ့မှု အခြေအနေ |
|---|---|---|---|---|---|---|
| ၁။ | ၆၆ ကေဗွီ မင်းဘူး-ငဖဲ(ကပစ-၁၄) | တိုင်အမှတ်(၄၀) | ၂ | (၂) တိုင် | ဆောင်ရွက်ပြီး | (၁) ကြိမ်လျှင် ဝန်ထမ်းအင်အား (၃၀) ဦး ဝန်းကျင် ခန့်ဖြင့် (၁) တိုင်လျှင် (၁) ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၂။ | ၆၆ ကေဗွီ ကျွန်းချောင်း-မြိုင်(၂) တပ်မတော်အကြီးစားစက်ရုံ | တိုင်အမှတ်(၃၄၃)<br>တိုင်အမှတ်(၃၄၄) | ၄ | (၁၂) တိုင် | ဆောင်ရွက်ပြီး | |
| ၃။ | ၆၆ ကေဗွီ ရွှေတောင်-ပေါက်ခေါင်း ကပစ(၁၉) | တိုင်အမှတ်(၂၄၁)<br>တိုင်အမှတ်(၂၇၃) | ၃ | (၃) တိုင် | ဆောင်ရွက်ပြီး | |
| ၄။ | ၆၆ ကေဗွီ ဥသျှစ်ပင်-ဆင်တဲ | တိုင်အမှတ်(၂၀၄) | ၁ | (၁) တိုင် | ဆောင်ရွက်ပြီး | |
| ၅။ | ၆၆ ကေဗွီ ကျောက်ထု-ဆော | တိုင်အမှတ်(၂၆၃) | ၁ | (၁) တိုင် | ဆောင်ရွက်ပြီး | |
| ၆။ | ၆၆ ကေဗွီ ကျောက်ထု-ထီးလင်း | (၆၂)နှင့်(၆၃)အကြား | ၁ | ကြိုးပြတ် | ဆောင်ရွက်ပြီး | |
| ၇။ | ၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး | (၄၅)နှင့် (၄၆)အကြား | ၁ | ကြိုးပြတ် | ဆောင်ရွက်ပြီး | |
| ၈။ | ၆၆ ကေဗွီ လှိုင်ကော်-ဘော်လခဲ | တိုင်အမှတ်(၆၁၉) | ၁ | စစ်ဆေးဆဲ | ဆောင်ရွက်ရန်ကျန် | - |
| ၉။ | ၆၆ ကေဗွီ လှိုင်ကော်-ရှားတော | (၁၄၇)နှင့် (၁၄၈)အကြား | ၁ | စစ်ဆေးဆဲ | ဆောင်ရွက်ရန်ကျန် | - |
| | ၆၆ ကေဗွီ ဓာတ်အားလိုင်း(၉)လိုင်း | | ၁၅-ကြိမ် | | | |
| | ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းများ၏ ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး  (၂၅.၉ ကျပ်သန်း) | | | | | |




၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၂၂)  ပြန်လည်ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။

**၂၃၀ ကေဗွီနှင့် ၁၃၂ ကေဗွီ  ဓာတ်အားလိုင်းများ၏ တာဝါတိုင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက  မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်း**

| စဉ် | ဓာတ်အားလိုင်းအမည် | အကြိမ်ရေ | ပြိုလဲပျက်စီးခဲ့သည့် တိုင်အရေအတွက် | ဆောင်ရွက်မှုအခြေအနေ | ပြင်ဆင်ခဲ့မှုအခြေအနေ |
|---|---|---|---|---|---|
| ၁။ | ၁၃၂ကေဗွီ ဘီလူးချောင်း(၂) -တီကျစ် | ၆ | (၁၉) တိုင် | ပြုပြင်ပြီးစီးခဲ့ပါသည်။ | (၆) ကြိမ် ဖျက်ဆီးခံရပြီး၊ (၁) ကြိမ်လျှင် ဝန်ထမ်းအင်အား (၆၀) ဦးခန့်နှင့် (၁) တိုင်လျှင် (၃) ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၂။ | ၂၃၀ကေဗွီ ဘီလူးချောင်း(၂) ရွှေမြို့ | ၆ | (၁၅) တိုင် | ၆ တိုင် ပြုပြင်ခဲ့ပြီး၊ (၉)တိုင်ပြင်ဆင်ရန်ကျန် | (၆) ကြိမ် ဖျက်ဆီးခံရပြီး၊ (၁) ကြိမ်လျှင် ဝန်ထမ်းအင်အား (၁၁၈) ဦးခန့်နှင့် (၁) တိုင်လျှင် (၈) ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၃။ | ၂၃၀ကေဗွီ ဘီလူးချောင်း(၂) တောင်ငူ | ၄ | (၆) တိုင် | အပြစ်ဖြစ်ပေါ်ဆဲ | (၄) ကြိမ် ဖျက်ဆီးခံရပြီး၊ (၁) ကြိမ်လျှင် ဝန်ထမ်းအင်အား (၅၆) ဦးခန့်နှင့် (၁) တိုင်လျှင် (၆) ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၄။ | ၂၃၀ကေဗွီ မန်စံ-ရွှေစာရံ | ၁ | (၁) တိုင် | ပြုပြင်ပြီးစီးခဲ့ပါသည်။ | ဝန်ထမ်းအင်အား (၁၃၂) ဦးဖြင့် (၈) ရက် ပြုပြင်ခဲ့ပါသည် ။ |
| ၅။ | ၂၃၀ကေဗွီ မော်လမြိုင်-မြဝတီ | ၁ | (၂) တိုင် | ပြုပြင်ဆဲ | - |
| ၆။ | ၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် | ၁ | (၂) တိုင် | ပြုပြင်ပြီးစီးခဲ့ပါသည်။ | ဝန်ထမ်းအင်အား (၆၀) ဦးဖြင့် (၈) ရက် ပြုပြင်ခဲ့ပါသည် ။ |
| | ၂၃၀နှင့် ၁၃၂ ကေဗွီ ဓာတ်အားလိုင်း (၆)လိုင်း | ၁၉ -ကြိမ် | ၄၅-တိုင် | | |
| | ၂၃၀ နှင့် ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းများ၏ ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး (၄,၀၃၄.၇၁၅ကျပ်သန်း) | | | | |



၂၃၀ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၆၄) တိုင်ကျိုးပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးများ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကျေးလက်ဒေသများပါမကျန် မီးရရှိရေး ရည်ရွယ်ဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံ အကြမ်းဖက်သမားများက ယခုကဲ့သို့ လျှပ်စစ်တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**




၂၃၀ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၆၅) တိုင်ကျိုးပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၀၅) ပြန်လည်ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၀၁) ပြန်လည်ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။

# လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်သော စီမံကိန်းတစ်ခုအနေဖြင့် ကျောက်ဖြူဓာတ်အားပေးစက်ရုံဖွင့်လှစ်

**ကျောက်ဖြူ အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ စက်စတင်လည်ပတ်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါစက်ရုံ၌ အောင်မြင်စွာ ကျင်းပသည်။

**တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က တရုတ် - မြန်မာနှစ်နိုင်ငံကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသည် လွန်စွာလိုက်ဖက်ညီပြီး Belt and Road Initiative နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးတို့ကို ရှေ့သို့ တွန်းအားပေးခဲ့ကြပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေး၊ ထုတ်လုပ်မှုစွမ်းရည်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်ရန် ကတိပြုထားကြောင်း၊ ယနေ့နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်သော စီမံကိန်းတစ်ခုအနေဖြင့် ကျောက်ဖြူဓာတ်အားပေးစက်ရုံကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ဤစက်ရုံမှ ရခိုင်ပြည်နယ်ရှိ ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ကျောက်ဖြူသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ အရေးပါသောနေရာဖြစ်၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ ခေတ်သစ်တွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံရှိ ကဏ္ဍအားလုံးနှင့် လက်တွဲဆောင်ရွက်သွားရန်နှင့် မျှဝေခံစားနိုင်၍



တောက်ပသော အနာဂတ်အသိုက်အဝန်းကို ပူးပေါင်းတည်ဆောက်သွားရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပထဝီအနေအထားအရအရေးပါသော ရခိုင်ပြည်နယ်မှ နိုင်ငံတော်နှင့် ပြည်သူများ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရွှေသဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ကုဗပေ ၂၂ သန်းအသုံးပြု၍ ၁၃၅ မဂ္ဂါဝပ်စွမ်းအား၊ တစ်နှစ်လျှင် ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၀၀၀ ခန့်ထုတ်လုပ်နိုင်မည့် ကျောက်ဖြူ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စက်တပ်ဆင်အင်အားမှာ ၁၅၉ မဂ္ဂါဝပ်ရှိပြီး ကမ္ဘာ့အဆင့်မီ စွမ်းရည်မြင့် ဓာတ်အားပေးစက်များအား တပ်ဆင်အသုံးပြုထားပါကြောင်း၊ ဤစက်ရုံတွင် စွန့်ပစ်အပူကိုပြန်လည်အသုံးပြုခြင်း၊ မြေအောက်ရေအစား ပင်လယ်ရေကိုသာ အသုံးပြုခြင်းစသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းပညာများကို အသုံးပြုထားပါကြောင်း၊ အဆင့်မြင့်နည်းပညာဖြင့် GIS ခွဲရုံတပ်ဆင်အသုံးပြုထား၍ ဓာတ်အားစနစ်တည်ငြိမ်စိတ်ချရမှုနှင့် စက်ရုံရေရှည်တည်တံ့မှုရှိမည်ဖြစ်ကြောင်း၊ ကျောက်ဖြူ ၂၃၀ မဂ္ဂါဝပ် ဓာတ်အားခွဲရုံမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ နေအိမ်များ၊ စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် ဓာတ်အားစနစ်အားချိတ်ဆက် ပို့လွှတ်ဖြန့်ဖြူးသွားနိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးစေနိုင်မည့် အရေးပါသော ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်သဖြင့် စီမံကိန်းကိုအောင်မြင်စွာ အကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် PowerChina Resources Co.,Ltd. ၏ ဥက္ကဋ္ဌက စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရမှုကို ဗီဒီယိုကွန်ဖရင့်ဖြင့် ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဓာတ်အားပေးစက်ရုံ စက်စတင်လည်ပတ်ခြင်းအခမ်းအနားကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ရခိုင်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင် ၊ PowerChina Resources Co.,Ltd. နှင့် Kyauk Phyu Electric Power Co.,Ltd. တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပင့်ဖိတ်ထားသော သံဃာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြကာ ဆရာတော် အရှင်သူမြတ်များအား သီတင်းကျွတ်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဓာတ်အားထိန်းချုပ်ခန်း၊ ဓာတ်အားပေးစက်ကြီးများမှ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပေးကာ ဒုတိယဝန်ကြီးက မှတ်တမ်းတင် ဆုတောင်းစကား ရေးသားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် အလွတ်သဘောတွေ့ဆုံပြီး နှစ်နိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဒေသတွင်း သတင်းတု၊ သတင်းမှား တိုက်ဖျက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

အာဆီယံဒေသတွင်း သတင်းတု၊ သတင်းမှား တိုက်ဖျက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး (1st Meeting of the ASEAN Task Force on Fake News–1st TFFN) ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ JW Marriott Hotel Hanoi ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။ အစည်းအဝေးသို့ လာအို၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့မှ TFFN လုပ်ငန်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော် ဦးဆောင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သတင်းမီဒီယာနှင့် သင်တန်းဆိုင်ရာလုပ်ငန်းအဖွဲ့(SOMRI Working Group on Information, Media and Training – SOMRI WG–IMT) မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံအရာရှိ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဇေယျာ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများက



နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ နေရာများမှ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ကြသည်။

**အတည်ပြုခဲ့**

အဆိုပါ TFFN ၏ လုပ်ငန်းဆောင်ရွက်မှု မူဘောင် သတ်မှတ်ချက် Terms of Reference (TOR) အား ၂၀၂၂ ခုနှစ် မေ ၁၉ ရက်တွင် အွန်လိုင်းမှ တစ်ဆင့်ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (19th SOMRI)တွင် အတည်ပြုခဲ့ပြီး TFFN အစည်းအဝေးများအား တစ်နှစ်လျှင် နှစ်ကြိမ် ပြုလုပ်သွားရန်နှင့် သတင်းမီဒီယာနှင့် သင်တန်းဆိုင်ရာ လုပ်ငန်းအဖွဲ့(ASEAN SOMRI Working Group on Information, Media and Training – WG–IMT) အစည်းအဝေးမတိုင်မီ အွန်လိုင်းအစည်းအဝေးဖြင့် တစ်ကြိမ်၊ SOMRI WG–IMT အစည်းအဝေးနှင့် Back – to – Back ကျင်းပခြင်းဖြင့် တစ်ကြိမ်တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပကြမည်ဖြစ်သည်။

အစည်းအဝေးတွင် သတင်းမှားတိုက်ဖျက်မှုဆိုင်ရာ နိုင်ငံအလိုက် ဆောင်ရွက်ချက်များ၊ Terms of Reference (TOR) အရ ချမှတ်ထားသည့် ရည်မှန်းချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သတင်းတု၊ သတင်းမှားတိုက်ဖျက်မှုဆိုင်ရာ ဒေသတွင်း ကြိုးပမ်းဆောင်ရွက်ချက်များ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများအား အဓိကထား ဆွေးနွေးကြပြီး သြစတြေးလျနိုင်ငံ အနေဖြင့်လည်းသတင်းမှား တိုက်ဖျက်ရေးတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို အွန်လိုင်းမှ တစ်ဆင့် ပါဝင်ဆွေးနွေးခဲ့သည်။ မြန်မာ ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် Fake News နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ လှုပ်ရှားဆောင်ရွက်မှု အခြေအနေ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းတု၊ သတင်းမှားများ တုံ့ပြန်ဖြေရှင်းရေးဆိုင်ရာ လက်ရှိဆောင်ရွက်နေမှု၊ သတင်းတု၊ သတင်းမှားများအား အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြမှု၊ သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အခြား ဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှု၊ သတင်းအချက်အလက် မီဒီယာ သိနားလည်မှုသင်တန်း (Media and Information Literacy Training)၊ Cyber Wellness သင်တန်းများ အခါအားလျော်စွာ ပို့ချပေးနေမှုများနှင့် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဆက်သွယ်ရေးဥပဒေ၊ သတင်းမီဒီယာဥပဒေ စသည့်ဥပဒေများဖြင့် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အာဆီယံဒေသတွင်းသတင်းမှား တိုက်ဖျက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံက တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်

**စန်းနီလာဝင်း**

သရေခေတ္တရာ ဧကရာဇ်နိုင်ငံတော်ခေတ်ဖြစ်သော ပျူခေတ်ကပင် အနုသုခုမသဘင် ထွန်းကားခဲ့သည်။ မဇ္ဈိမတိုင်း အိန္ဒိယပြည်မှ တူရိယာများ၊ စိန့်တိုင်းတရုတ်ပြည်မှ တူရိယာများကို ပျူတို့သည် မိမိတို့၏ မူပိုင်တူရိယာများဖြစ်သော နှဲ၊ ပတ်သာ၊ စည်းစုပ် စသည်တို့နှင့် ပေါင်းစပ်သီဆိုတီးမှုတ် ကပြခဲ့ကြသည်။

ပုဂံခေတ်သို့ရောက်လာသောအခါ အနုသုခုမ သဘင်ပညာဆိုင်ရာ ပစ္စည်းများမှာ ယခင်ကထက် များစွာပြည့်စုံလာခဲ့သည်။ ပုဂံဘုရားများ၏ နံရံများ၌ ရေးဆွဲထားခဲ့သော နန်းတွင်းကခြေသည်ပုံများ၊ အမျိုးသမီးဂီတပညာရှင်များ၏ပုံများကို မြင်တွေ့ရသည်။ ပုဂံခေတ်က ရေးထိုးထားခဲ့သော ကျောက်စာများကို လေ့လာကြည့်ခြင်းအားဖြင့် ပုဂံခေတ် အနုသုခုမ ပညာရှင်တို့၏လုပ်ငန်းဆောင်တာများကိုတွေ့မြင်ရသည်။


ရှေးခေတ်ရုပ်သေးသဘင်

**ပဒေသရာဇ်ခေတ်က အနုသုခုမသဘင်**

ပင်းယ၊ မြင်စိုင်းခေတ်၌ ကာချင်းများ၊ ကာကခြင်းများ ခေတ်စားလာခဲ့သည်ကို တွေ့ရှိရသည်။ ကာချင်းမှာ ပဒေသရာဇ်ခေတ်က စစ်ချီသီချင်းဖြစ်ပြီး ကာကမှာ စစ်ရေးပြအကဖြစ်သည်။ မြန်မာ့ဆိုင်းပညာရှင် သုတေသီ အလင်္ကာကျော်စွာ ဆရာစိန်ဗိုလ်တင့် ရှိခဲ့စဉ်က ကာချင်းသီချင်းတီးလုံးများကို သုတေသနပြု ဖော်ထုတ်တီးခတ်ခဲ့သည်ကို အမှတ်ရနေမိပါသည်။

ပဒေသရာဇ်ခေတ်က ပြာသိုလတွင် မြေနန်းတော်ရှေ့၌ ကာရေးသဘင်၊ မြင်းခင်းသဘင်များကို ကျင်းပခဲ့ကြသည်။ ကုန်းဘောင်ခေတ်သို့ ရောက်ရှိလာခဲ့သောအခါ ကာချင်းသဘင် ကွယ်ပျောက်ခဲ့ပြီး မြင်းခင်း ၃၇ ချင်းနှင့် **အဲမောင်း** လုံးရေ ၃၇ ချင်း စသည်တို့ကို ခင်းကျင်းပြသခဲ့သော မြင်းခင်းသဘင်ဟူ၍ တွင်ကျယ်လာခဲ့သည်။ ကာချင်း၊ မြင်းခင်း ၃၇ ချင်းနှင့် အဲမောင်းလုံးရေ ၃၇ ချင်းတို့မှာ စစ်သည်ရဲမက်တို့ကို ရဲစိတ် ရဲမာန် ဇာတိမာန်တို့ တက်ကြွစေသည့် မြန်မာ့ဇာတိမာန် အမျိုးသားရေးတေးသီချင်းများဖြစ်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်၌ မြန်မာ့သဘင်ကို (၁)အနိမ့်သဘင်၊ (၂) အမြင့်သဘင်၊ (၃) အတီးသဘင်၊ (၄)အဆုံသဘင်ဟူ၍ ခွဲခြားခဲ့သည်။ အမြင့်သဘင်မှာ ရုပ်သေးသဘင်ဖြစ်ပြီး "ဇာတ်သဘင်အစ ရုပ်သေးသဘင်က" ဟူ၍ အဆိုပေါ်ပေါက်လာခဲ့သည်။ စင်တင်ရုပ်သေးသဘင်တွင် ကြိုးဆွဲ၊ အဆို၊ အငို၊ အပြောအတွက် အမျိုးသားများကိုသာ ခန့်ထားသည်။ ဇာတ်ဝင်ခန်း၏ မင်းသမီး၏ အဆို၊ အငို၊ အပြောနေရာတွင် အမျိုးသားဇာတ်မင်းသားကပင် သီဆိုခဲ့ရသည်။ ပွဲကြည့်ပရိသတ်မှာ ဘုရင်နှင့် မိဖုရားများ၊ မှူးမတ်များနှင့် နန်းတွင်းပရိသတ်များ လူကြီးသူကြီး၊ သက်ကြီးဝါကြီးများဖြစ်ကြ၍ ပွဲကြည့်ပရိသတ်ကို ရိုသေကိုင်းရှိုင်းလေးစားသောအားဖြင့် ရုပ်သေးစင်ခေါ် အမြင့်သဘင်တွင် အမျိုးသားများကသာ ကြိုးဆွဲ၊ သီဆို၊ ငိုရပြောရသော အလုပ်ဖြင့်သရုပ်ဆောင်ခဲ့ကြရသည်။

ကုန်းဘောင်ခေတ်တွင်ပင် သဘင်အနုသုခုမပညာကို အမျိုးသားယဉ်ကျေးမှုနှင့်အညီ စနစ်တကျ တိုးတက်စေရေး သရုပ်ပျက်ယဉ်ကျေးမှု မပေါ်ပေါက်ရေးတို့အတွက် စီမံကြီးကြပ်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် "သဘင်ဝန်" ရာထူးကို စတင်ခန့်အပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ပဒုမ်မင်းလက်ထက်တွင် သဘင်ဆိုင်ရာ အမိန့်တော်မှတ်တမ်းတစ်ခု၌-

"သဘင်ပညာသည်တိုင်း တိုင်းကျိုးပြည်ကျိုးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ပြုပြင်နိုင်ခြင်း၊ သာသနာရေး၊ ဘာသာရေး၌ အားပေးကူညီနိုင်ခြင်းများကြောင့် သဘင်ပညာရှင်များ စည်းကမ်းလိုက်နာရန် သဘင်ဆရာများထားရမည်။

သာသနာကို ထိခိုက်သော၊ ဂုဏ်းမလွတ်သော ကဗျာသီချင်းများ သီဆိုခွင့်မပြု၊ ကျူးလွန်ခဲ့သော် သီချင်းရေးသူကို လက်ဖြတ်စေ၊ သီဆိုသူကို လျှာဖြတ်စေ အပြစ်ပေးရမည်" ဟူ၍ အမိန့်ထုတ်ပြန်ခဲ့သည်ကို ထူးခြားစွာ လေ့လာတွေ့ရှိရသည်။ သို့ကလောက် အနုသုခုမပညာကို မညစ်နွမ်းစေရဘဲ ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

**နန်းတွင်းသဘင်မှသည် ပြည်သူ့သဘင်သို့**

အနုပညာဖြင့် ပြည်သူကို စည်းရုံးနိုင်သည်ဟူသော ခံယူချက်ဖြင့် စစ်ကိုင်းမင်းသည် ရုပ်သေးသဘင်ကို နန်းတွင်း၌သာမက နိုင်ငံတစ်ဝန်းလုံး ကျေးလက်ဒေသများအထိ လှည့်လည်ကပြစေခဲ့သည်။ ထို့နောက် "အနိမ့်သဘင်" ဟုခေါ်သော **"မြေဝိုင်းအက"**သည် ကုန်းဘောင်ခေတ်တွင်ပင် ထင်ရှားကျော်ကြားလူကြိုက်များခဲ့သော အနုသုခုမသဘင်ပညာတစ်ရပ်ဖြစ်လာခဲ့သည်။

မြေဝိုင်းသဘင်ကို လာရောက်ကြည့်ရှုကြသည့် ပရိသတ်သည် မြေပေါ်တွင် ဝိုင်းပြီးထိုင်၍ ကြည့်ရှုရသောကြောင့် **"မြေဝိုင်းဇာတ်"** ဟူ၍လည်းကောင်း၊ ကပြသူတို့ အလယ်တွင် ပန်းပင်စိုက်၍ဝိုင်းပတ်ကပြကြရသောကြောင့် **"ပန်းပင်ဝိုင်းဇာတ်"** ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုအရ လူကိုယ်တိုင် သီဆိုကပြကြသော သဘင်သည်များကို ပရိသတ် သက်ကြီးဝါကြီးများက အောက်မှနေ၍ မကြည့်စေလိုသောကြောင့် ဇာတ်စင်ပေါ်တွင် မကခဲ့ကြခြင်းပင်ဖြစ်သည်။ ဇာတ်သဘင်များ၏ ရှေ့ပြေးဖြစ်သော မြေဝိုင်းအကသည် ကျေးလက်ဒေသများတွင် ပွင့်လင်းရာသီ၌ ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိကြသည့် အနုသုခုမသဘင်ပညာတစ်ရပ် ဖြစ်လာခဲ့သည်။

မြန်မာ့သဘင်လောက၌ ယနေ့တိုင်အောင် မရိုးနိုင်သော "ယိမ်းအက" မှာ ကုန်းဘောင်ခေတ်တွင် စတင်ခဲ့သည်ဟု သိရသည်။ ထိုစဉ်က "ယိမ်းအက"ကို "ဟန်အက" ဟူ၍လည်း ခေါ်ဝေါ်ခဲ့သည်ဟုဆိုသည်။ ကျေးလက်ဒေသများ၌ ဗုဒ္ဓပူဇနိယပူဇော်ပွဲများ၊ အလှူပွဲများ၊ သီတင်းကျွတ်၊ တန်ဆောင်တိုင် ပွဲတော်တို့တွင် ရွာသူရွာသားများက စုပေါင်း၍ ပျော်ရွှင်စွာ ကခုန်ခဲ့ကြရာမှ ယိမ်းအကဟူ၍ ပေါ်ပေါက်လာခဲ့သည်ဟုသိရသည်။ ယိမ်းအကသည် လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုကို အဓိကထား၍ ကခုန်ကြရခြင်းဖြစ်၍ ချစ်ကြည် စည်းလုံးညီညွတ်မှု အဓိပ္ပာယ်ကို ဖော်ဆောင်ပေးသဖြင့် လေးနက်လှပါသည်။

**ယဉ်ကျေးမှုအစစ် လူ့အနှစ်**

မြန်မာတိုင်းရင်းသားတို့သည် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားသူများဖြစ်ကြသဖြင့် အမျိုးသားယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ ထိန်းသိမ်းစောင့်ရှောက်ကာ လက်ဆင့်ကမ်း အမွေကောင်းများ ပေးအပ်သည့် အစဉ်အလာများရှိကြသည်။ လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာသည် ထိုလူမျိုး၏စာပေ၊ ဂီတအနုသုခုမ ယဉ်ကျေးမှု အဆင့်အတန်းပေါ်တွင် တည်မှီနေသည်။ "စာပေမြင့်မှ လူမျိုးတင့်မည်၊ ဂီတစွမ်းအား ပြည်ထွန်းကား" ဟူသော ဆောင်ပုဒ်တို့မှာ အမျိုးသားယဉ်ကျေးမှု တိုးတက်မြင့်မားရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးတို့အတွက် အမျိုးသားရေးအင်အားဖြစ်စေသည့်ဆောင်ပုဒ်များ ဖြစ်ကြသည်။

လူတို့သည် အဖွဲ့အစည်းနှင့် နေထိုင်သူများဖြစ်ကြရာ ဤလူ့အဖွဲ့အစည်းကို ချည်နှောင်ထားသည်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးအတွက် စောင့်ရှောက်သည့် အမျိုးသားရေး စိတ်ဓာတ်ပင်ဖြစ်သည်။ **စာမျက်နှာ ၁၉ သို့**★


ရှေးခေတ်မြေဝိုင်းဇာတ်

> **"လူတို့သည် အဖွဲ့အစည်းနှင့် နေထိုင်သူများဖြစ်ကြရာ ဤလူ့အဖွဲ့အစည်းကို ချည်နှောင်ထားသည်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အမျိုးအတွက် စောင့်ရှောက်သည့် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရကောင်းမှန်းမသိလျှင် မျိုးချစ်စိတ်ဓာတ်ရှင်သန်နိုင်မည်မဟုတ်ပါ"**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ချစ်လို့ပြောတာ မှတ်ပါ စာအုပ်ဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၁၁**

စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားပြုစုထားသည့် ချစ်လို့ပြောတာ မှတ်ပါစာအုပ် ထုတ်ဝေဖြန့်ချိထားသည်။

စာအုပ်တွင် စာပေရဲ့အရသာ၊ မပြုံစေလိုရွှေမြင်းမိုရ်၊ တကယ့်အဖိုးတန် ရေခံမြေခံ စိတ်အားသတ္တိအမှန်၊ ခေးသွားပေါ်က ပျားရည်စက်များ၊ အပဟုတ်ဖြစ်ရမည်၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၊ ချဉ်ချဉ်ခါးခါးစကားများကိုပယ်၊ စိတ်သာရှေ့သွား၊ သင်ယူပြုပြင်မှုအလေ့အထ၊ ကြိုက်ရာလမ်းကိုရွေးချယ်၊ မှတ်ဉာဏ်ခိုင်မာစေတဲ့ နည်းတစ်ခု၊ ဖူးမြံခေါ်မင်းဒင်၊ တစ်ပွင့်ပန်၊ ပါးစပ်ဘရိတ်နှင့် အောင်မြင်ရေးဆေးသုံးလုံး စသည့် ဆောင်းပါး ၂၆ ပုဒ်ဖြင့် စုစည်းဖော်ပြထားသည်။

စာရေးသူက လူငယ်များအား အနာဂတ်နိုင်ငံ့သားကောင်းရတနာများ ဖြစ်အောင် ကြိုးစားသွားစေရေး၊ ကြုံတွေ့လာသည့် အခက်အခဲ၊ လောကဓံများကို ပညာဉာဏ်ဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စေရေး ရည်ရွယ်ကာ စိတ်ရင်းစေတနာဖြင့် ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို နိုင်စာပေ အမှတ် ၁၅၀ ရတနာလမ်းမကြီး ရတနာအိမ်ရာ တိုင်းရင်းသားကျေးရွာအနီး သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၅၀၃၂၅၄၊ ၀၉-၇၃၂၂၄၅၂၄ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ **ကြေးမုံ**




## လယ်ဝေးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**လယ်ဝေး အောက်တိုဘာ ၁၁**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း တစ်မြို့နယ်လုံးလွှမ်းခြုံနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ဆေးထိုးစုရပ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် အခြေခံပညာကျောင်းများတွင် အသက်ငါးနှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူ ၃၃၆၄၈ ဦး၊ အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကျောင်းနေပြင်ပ ၇၇ ဦးနှင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အထိ ကျောင်းသား ကျောင်းသူ ၂၀၄၆၂ ဦးတို့အား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၃၅၇၆ ဦးတို့အား Booster Dose ထိုးနှံပြီးဖြစ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ ဆရာ ဆရာမများ၊ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေမည်။

**မိုး/ဇလ**

☆ စာမျက်နှာ ၁၈ မှ

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရကောင်းမှန်းမသိလျှင် မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုင်မည်မဟုတ်ပါ။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် မြန်မာ့အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းရာ၌ အရိုးကို အရွက်မဖုံးစေဘဲ မျိုးဆက်သစ်များအား ယဉ်ကျေးမှုအမွေအနှစ်ကောင်းများ လက်ဆင့်ကမ်း ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူအားရဖွယ်တွေ့ရှိရပါသည်။

### မျိုးဆက်သစ်တို့အတွက် လက်ဆင့်ကမ်းဂီတ အနုသုခုမပညာအမွေ

ယနေ့သဘင်လောကတွင် အရိုးကိုအရွက်မဖုံးစေဘဲ ခေတ်နှင့်လျော်ညီစွာ ဆန်းသစ်တီထွင် ကပြနေကြသည့် မျိုးဆက်သစ် သဘင်အနုပညာရှင်တို့၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုဂုဏ်ပြုပါသည်။ ကျေးဇူးရှင် သဘင်အနုပညာရှင်များဖြစ်ကြသည့် အဘိုးများနှင့် ဖခင်တို့၏ ဂန္ထဝင်အမွေအနှစ်ကို ဆက်ခံကာ တီထွင်ကြံဆမှုများနှင့် ပေါင်းစပ်လျက် ကပြတင်ဆက်လျက်ရှိရာ ပရိသတ်က ကြိုဆိုလက်ခံအားပေးလျက်ရှိကြသည်ကို တွေ့ရသည်။

ယခုကဲ့သို့ မိုးရာသီဇာတ်သဘင်များ ရပ်နားချိန်တွင်ပင် ကန်တော်ကြီး၌ ရုံပွဲသွင်း၍ ကပြလျက်ရှိသည်။ ဂန္ထဝင်သဘင်ပညာရှင်ကြီး အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင်၏ မြေး၊ ဖခင်နှင့် ဦးလေးများဖြစ်ကြသည့် ဇာတ်သဘင်ပညာရှင် (ဦး)ဝင်းဗိုလ်၊ (ဦး)ဆန်းဝင်း၊ (ဦး)ချမ်းသာ၊ (ဦး)ဝင်းမောင်တို့၏ သဘင်ပညာ အမွေအနှစ်များကို လက်ခံနာယူကာ အောင်မြင်ကျော်ကြားလျက် ရှိသည့် ရွှေမန်းသဘင် မျိုးဆက်သစ် (ဦး)တင်မောင်ဆန်းမင်းဝင်း၏ သဘင်အနုပညာစွမ်းရည်များ ဂုဏ်ယူအားရဖွယ်ဖြစ်ပါသည်။



ရှေးခေတ်ယိမ်းအက

အလားတူ အဘိုးဖြစ်သော ဂန္ထဝင်ဂီတစာဆို နန်းတော်ရှေ့ဆရာတင်၏မြေး ဇာတ်သဘင်ပညာရှင် (ဦး)ရွှေနန်းတင်၏ သားဖြစ်သူ သဘင်ပညာရှင် (ဦး)နန်းဝင်းနှင့်မိသားစုတို့၏ သဘင်အနုပညာစွမ်းရည်တို့ကိုလည်း ဂုဏ်ယူချီးကျူးရပါသည်။ မြန်မာ့သဘင် ဦးသျှောင်ကြီးဖြစ်သည့် ဂန္ထဝင် သဘင်ပညာရှိကြီး ဂရိတ်ဦးဖိုးစိန်၏သားဖြစ်သူ သဘင်ပညာရှင် (ဦး)ကနက်စိန်၊ (ဦး)တသက်စိန်၊ မြေးများဖြစ်ကြသည့် (ဦး)ရဲစိန်၊ (ဦး)ညီဝင်းစိန်တို့၏ လက်ဆင့်ကမ်းသဘင် အမွေခံ အနုပညာစွမ်းရည်တို့ကို တွေ့မြင်ကြည့်ရှုခံစားခဲ့ရသဖြင့် ဖရဏာပီတိ ဂွမ်းဆီထိသည့်ပမာဖြစ်ရပါသည်။

လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က နှစ်ပေါင်း ၁၀၀ ကျော်ကာလတွင် ထင်ရှားကျော်ကြားခဲ့ကြသော ဂန္ထဝင်ထိပ်တန်းသဘင်ပညာရှင်ကြီးများ ဖြစ်ကြသည့် ဂရိတ်ဦးဖိုးစိန်၊ ဦးစိန်ကတုံးတို့ကို မကြည့်ရှုခဲ့ကြရသော်လည်း ထိုသဘင်ပညာရှင်ကြီးများ အသံသွင်းထားခဲ့သည့် ဓာတ်ပြားများထဲမှ နိပါတ်တော် ဇာတ်တော်များမှ အဆို၊ အပြောများကို နားဆင်ကြည့်ရှုရုံနှင့်ပင် အသည်းထိစွဲငြိခဲ့ရပါသည်။ အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင်၏ လက်ဝဲသုန္ဒရဇာတ်၊ ဗုဒ္ဓဝင်၊ ဂီတရှူး၊ ရွှဲကုန်သည်၊ စလေဦးပုည၊ သောင်မှူး စသည့်ဓာတ်ပြားသွင်း ဇာတ်များမှာ ပရိသတ်က အလွန်စွဲမြဲနှစ်ခြိုက်ခဲ့ကြသည်။ ဝဏ္ဏကျော်ထင်ဘွဲ့ရ သဘင်ပညာရှင်ကြီး (ဦး)စိန်အောင်မင်းမှာ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ဝတ်စုံရန်ပုံငွေဖွဲ့ကပြခဲ့ရာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အကျိုးတော်ဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းခံခဲ့ရသည်။

### ပရိသတ်ကိုတိုက်ရိုက်ကပြ တင်ဆက်ရသော ခက်ခဲနက်နဲလှသည့် သဘင်မှုအနုပညာ

အနုသုခုမသဘင်ပညာသည် ရုပ်ရှင်ကဲ့သို့မဟုတ်ဘဲ ပွဲကြည့်ပရိသတ်ကို တိုက်ရိုက် တင်ဆက်သရုပ်ဆောင် ကပြရသည့် အနုပညာဖြစ်ခြင်းကြောင့် အမှားအယွင်း မဖြစ်စေရပါ။ ဇာတ်စာ၊ ဇာတ်ဝင်သီချင်း၊ ဇာတ်ဝင်အပြောအဆိုတို့ကို နှုတ်တိုက်အလွတ် ကျက်မှတ်ထားကြရုံမျှမက ကနည်း၊ ကကြိုး၊ ကကွက်များစွာတို့ကို ဌာန်ကရိုဏ်းကျကျ စည်းဝါးကျကျ လေ့ကျင့်သင်ယူကြရသဖြင့် ဇာတ်သဘင်အနုပညာသည် အလွန်လေးနက် သိမ်မွေ့လှပါသည်။

ဤနေရာတွင် စပ်လျဉ်း၍ စာရေးသူ၏ ကိုယ်တွေ့ အတွေ့အကြုံလေးတစ်ခုကို တင်ပြလိုပါသည်။ စာရေးသူ၏ ဖခင်နှင့် ညီမ၊ ညီမတစ်ဝမ်းကွဲတော်စပ်ကြသူတို့သည် မြန်မာ့ဆိုင်းပညာရှင်များနှင့် အကပညာရှင်များ ဖြစ်ခဲ့ကြပါသည်။ ဦးလေးတော်စပ်သူနှစ်ဦးက ဗလာဆိုင်းများတွင် နဲ့ပညာရှင်၊ ပတ်မတီးပညာရှင်များ ဖြစ်ခဲ့ကြပြီး အဒေါ်ဖြစ်သူမှာ ဇာတ်မင်းသမီးတစ်ဦး ဖြစ်ခဲ့သည်။ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဇာတ်ထဲမှ နာမည်ကျော် မင်းသမီးကြီး အမေဒေါ်အောင်သန်းတင်ထံမှ သဘင်ပညာများကို သင်ယူခဲ့သူဖြစ်သည်။ အမေဒေါ်အောင်သန်းတင်၏ အဆို၊ အပြော၊ အသံတို့မှာ ထူးချွန်လှ၍ ဗုဒ္ဓဝင်ဇာတ်ပြရန် ဖွားတော်မူခန်းတွင် မယ်တော်မာယာအဖြစ် သရုပ်ဆောင်အသံသွင်းခဲ့ပုံများ၊ နှစ်ပါးသွားသီချင်းများမှာ အလွန်နားဝင် ပီယံဖြစ်ခဲ့ကြရသည်။ အမေဒေါ်အောင်သန်းတင်မှာ သူကိုယ်တိုင် စာမတတ်မြောက်ခဲ့ရသော်လည်း ဇာတ်စာ၊ ဇာတ်အပြောအဆို၊ ဇာတ်သီချင်းများကို နှုတ်တိုက်ကျက်မှတ်သီဆိုကပြခဲ့ရာ မထစ်မငေါ့၊ မမှားမယွင်းဘဲ ပင်ကိုကရုဏာသံဖြင့် သီဆိုနိုင်ခဲ့သည်မှာ အားရဂုဏ်ယူ လေးစားဖွယ်ဖြစ်ပါသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ခေတ်အဆက်ဆက်မှ ဂန္ထဝင်စံတင်ခဲ့သော အဆိုပညာ၊ အတီးပညာ၊ အရေးပညာ၊ အကပညာဟူသော အနုသုခုမပညာများကို လက်ဆင့်ကမ်း အမွေခံယူကာ တင်ဆက်ကြရင်း သဘင်မှုအနုပညာနယ်ပယ်တွင်“ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်” ဟူသော ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ် အနုပညာရှင်တိုင်း နိုင်ငံတော်နှင့် ပြည်သူတို့ကို ကောင်းစွာအလုပ်အကျွေးပြုနိုင်ကြပါစေဟု အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြုလိုက်ပါသည်။ ။

**အကိုးအထောက်**

၁။ ကြည်မြသည့် ဂီတ၊ ပီသသည့် အသံ၊ အံဝင်သည့်စာသား မောင်မောင်စန်း ရန်ကုန်တက္ကသိုလ် (၂-၇-၁၉၇၈ ရက်နေ့ထုတ် လုပ်သားပြည်သူ နေ့စဉ်သတင်းစာ)
၂။ ဂီတမှာအသံ၊ အလင်္ကာမှာကာရန်၊ မြန်မာဆန်သည့်တေးရေးဟန် မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ် ၅-၁-၁၉၇၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ)
၃။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း ဒုတိယတွဲ-ဒုတိယပိုင်း (လမ်းစဉ်ပါတီဌာနချုပ်-၁၉၈၀)

■

# မြင်ပုံချင်း မတူသလို

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

(၅-၁၀-၂၀၂၂ ရက်နေ့မှအဆက်)

"ပြောပါဘုရား"

"အခု ဒကာကြီးက စိတ်ဆိုးတဲ့အခါ ဘယ်လိုပဲ မှတ်မှတ်၊ ဘယ်လိုပဲရှုရှု၊ စိတ်ဆိုးတာ မပျောက်ဘူး၊ ပိုဆိုးတယ်၊ တစ်ခါတလေ ဖြစ်ကြောရှည်တယ်၊ ဒီလိုပြောတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒကာကြီးက တရားဆိုတာ ဘယ်လိုဖြစ်လာရင် တရားထင်သလဲ၊ ဒကာကြီးကရော ဘယ်လိုဖြစ်ချင်သလဲ"

"တရားဆိုတာက ဘာပဲဆိုတာတော့ မထင်တတ်ပါဘူး၊ တပည့်တော်ဖြစ်ချင်တာကတော့ စိတ်ဆိုးရင် ပျောက်သွား၊ ရပ်သွားအောင်၊ ဒီထက်ပိုပြီး စိတ်ကို မဆိုးတော့အောင် ဖြစ်ချင်တာပါပဲဘုရား"

"ဩော် . . ဒကာကြီးရယ်၊ ဟုတ်တယ်လေ၊ တရားဆိုတာကို ဘာပဲ၊ ဘယ်လိုပဲပြောနေမယ့်အစား၊ အဲဒီလို စိတ်ဆိုးပျောက်အောင်၊ ရပ်အောင်၊ စိတ်မဆိုးတော့အောင် နေနိုင်ရင်၊ နေတတ်ရင်၊ နေမိရင် အဲဒါ တရားဓာတ်တွေရှိနေပြီလို့ ပြောလို့ရတာပေါ့"

"အဲဒါပေါ့ဘုရား၊ တပည့်တော်အားထုတ်ခဲ့တာတွေလည်းစုံပါပြီ၊ အားထုတ်ခဲ့တာတွေလည်း ကြာပါပြီ၊ အခုထိ ဒီစိတ်ဆိုးတာကလေးကိုတောင် မရပ်နိုင်ဘူးဆိုရင် တပည့်တော်ဘဝမှာ ဘယ်လိုလုပ်ပြီး အားကိုးစရာရှိပါတယ်လို့ ပြောနိုင်ပါ့မလဲ"

"ဩော်... ဒကာကြီးရဲ့စကားက စိတ်မကောင်းစရာပဲ၊ ခုန ဒကာကြီးလာတုန်းက သူလို၊ ကိုယ်လို သာမန်အချိန်အားလို့ စကားပြောရင်းမေးတာလောက်ပဲလို့ ထင်လိုက်တာ၊ အခုဆိုတော့ ဒကာကြီးရဲ့စိတ်ဓာတ် ဒကာကြီးရဲ့အမေးကို အတော်ပဲလေးစားမိပါတယ်"

"အဲဒီလိုဆိုရင် တပည့်တော်သိချင်တာလေးကို တပည့်တော်သိလာအောင် ပြောပေးပါဘုရား၊ အဲဒီ စိတ်ဆိုးတာကြီးကိုလည်း ဘယ်လိုဖျောက်ရမယ်ဆိုတာ ပြောပေးပါဘုရား"

"ကဲ . . ကဲ ဒကာကြီး နားထောင်ပါတော့၊ ဒကာကြီးစိတ်ဆိုးတဲ့အခါ စိတ်ဆိုးမှန်းသိတယ်ဆိုတဲ့စကားနဲ့၊ စိတ်ဆိုးတာ မဖြစ်အောင်နေတဲ့ စကားကို ရှင်းပြပါမယ်"

"မှန်ပါဘုရား"

"စိတ်ဆိုးတာကို သိတယ်၊ စိတ်ဆိုးတာကို သိတယ်ဆိုတာ လူတိုင်းလူတိုင်းဟာ သူများတွေ စိတ်ဆိုးရင် မျက်နှာအမူအရာတွေကြောင့်၊ အသံတွေကြောင့် သိနိုင်တတ်ကြပါတယ်၊ ဒါတောင် တချို့ စိတ်ဆိုးနေပေမယ့် အပြင်မထွက်တတ်တဲ့ သူတွေရဲ့ စိတ်ဆိုးတာကို သိနိုင်ခဲပါသေးတယ်"

"မှန်ပါဘုရား"

"လူတိုင်းဟာ သူများစိတ်ဆိုးတာကို သိတတ် သိနိုင်ကြသလို၊ ကိုယ်စိတ်ဆိုးတာကိုလည်း သိတတ်ကြပါတယ်"

"မှန်လှပါ၊ တပည့်တော်လည်း သိပါတယ်ဘုရား"

"ကဲ .. ဒကာကြီးကလည်း ကိုယ်စိတ်ဆိုးတာကို ကိုယ်သိတယ်လို့ပြောပါတယ်၊ ဒကာကြီးသိသလို ဒကာမကြီးလည်း စိတ်ဆိုးတာကို သိပါတယ်၊ သားသမီးတွေလည်း သိပါတယ်"

"ဟာ... အရှင်ဘုရားရယ်၊ သူတို့ကတော့ မသိနိုင်ပါဘူး၊ သူတို့က တရားမထိုင်ဖူးကြပါဘူး၊ အားမထုတ်ဖူးကြပါဘူး ။

"အင်း ... ဆက်ပြီးနားထောင်ပါဦး ဒကာကြီး၊ သူတို့က သူ့တို့စိတ်ဆိုးတာကို မသိဘူးလို့ ဒကာကြီး ထင်သလား၊ ဟိုတစ်နေ့ကပဲ ဒကာမကြီးရဲ့အသံကို အိမ်ဘေးကကြွသွားရင်း ကြားခဲ့ရတယ်"

"နင်တို့နော်၊ ငါ့ကို သေအောင်သတ်ကြတယ်၊ ငါစိတ်ဆိုးရင် မြန်မြန်သေမယ်ဆိုတာသိတော့ ငါစိတ်ဆိုးအောင်လုပ်ကြတယ်၊ အင်း.. နင်တို့နော် သွားကြသွားကြ၊ ငါစိတ်ဆိုးနေတယ်၊ ငါ့အနားက မြန်မြန်သွားကြလို့ ပြောနေသံကြားပါတယ်"

"အမလေးရှက်လိုက်တာဘုရား၊ အဲဒီနေ့က တပည့်တော်လည်း ရှိပါတယ်၊ သူတို့သားအမိတွေ ဖြစ်နေကြတာပါဘုရား"

"အဲဒါကိုပဲကြည့်ပေါ့ ဒကာကြီး ဒကာမကြီးဟာ သူ့ကိုယ်သူ စိတ်ဆိုးနေတာကို သိပါတယ်၊ အဲဒီလိုပဲ များသောအားဖြင့်တော့ ကိုယ်စိတ်ဆိုးတာကို ကိုယ်သိကြတာများပါတယ်၊ ချက်ချင်း မရပ်နိုင်ကြတာသာ များကြတာပါ"

"ဟာ... ဟုတ်ပြီဘုရား၊ အဲဒီမရပ်နိုင်တာကြီးကို ရပ်နိုင်ချင်တာပါဘုရား၊ ဒါကြောင့် ကိုယ်စိတ်ဆိုးတာကို ကိုယ်သိအောင် ကြည့်တာပေါ့ဘုရား၊ စိတ်ဆိုးရင်လည်း ဆိုးတယ်ပေါ့၊ နောက် ဒါတွေအားလုံးဟာ ဖြစ်ပြီး ပျက်သွားကြတာချည်းပါပဲလို့ ရှုလိုက်တာပေါ့၊ ဒါပေမဲ့ မရပ်ဘူးဘုရား"

"အင်း .. နည်းနည်းတော့ စကားဆက်ပြီး ပြောပေးရဦးမလို ဖြစ်နေတာပေါ့"

"မိန့်ပါဘုရား"

"ဒကာကြီးရေ. . စိတ်ဆိုးတာနဲ့ပတ်သက်ပြီး စိတ်ဆိုးတယ်ဆိုတာ မကောင်းမှန်းသိရတယ်၊ သူ့အကြောင်းပြုပြီး မကောင်းကျိုးတွေ ဆက်ကာဆက်ကာ ဖြစ်လာတတ်တယ်၊ ဒါတွေလည်း သိရပါတယ်"

"ဟာ .. အဲဒါတော့ သိတာပေါ့ဘုရား"

"နေပါဦးလေ၊ နောက်ပြီး စိတ်ဆိုးတဲ့အခါမှာ ဒီဆိုးနေတဲ့ဓာတ်ဆိုး၊ ဓာတ်ညစ်က မိမိရဲ့စိတ်ကို ဖျက်ဆီးပစ်လိုက်တယ်၊ မိမိစိတ်မှာ ပူလောင်သွားတယ်၊ တင်းကျပ်သွားတယ်၊ မခံမရပ်နိုင်အောင် ဖြစ်သွားတယ်၊ အစုံပေါ့လေ၊ မိမိစိတ်ကလေး မကောင်းဖြစ်သွားတာပေါ့"

"ဩော်.. ဟုတ်တယ်ဘုရား၊ အခုမှ တပည့်တော် ဖျတ်ခနဲသဘောပေါက်တော့တယ်၊ စိတ်ဆိုးတယ်ဆိုတာ စိတ်ကိုဆိုးအောင်လုပ်တဲ့ဓာတ်တွေ ဝင်နေတာပဲပေါ့။ ဟုတ်သလားဘုရား"

"ဟုတ်တာပေါ့ ဒကာကြီး၊ နောက်ပြီး စိတ်ဆိုးနေတဲ့အခါ ဒီစိတ်မှာ သတိတွေ၊ ဉာဏ်တွေကင်းကွာနေတဲ့အတွက် အကြောင်းလည်းမသိ၊ အကျိုးလည်းမသိ၊ ရမ်းလုပ်၊ ရမ်းပြော၊ ရမ်းစဉ်းစားနဲ့ပဲ အဖြေမထွက်၊ အဖြေမထွက်တော့ စိတ်ဆိုးပေါ့၊ အဖြေထွက်ပြန်တော့လည်း အမှားတွေ အလွဲတွေပဲပေါ့"

"မှန်ပါဘုရား"

"ဘယ်လောက်ထိများ မှားကုန်သလဲဆိုရင် လောကကြီးဟာ သူဖြစ်ချင်သလို ဖြစ်နေကြတာ



သူ့အကြောင်းနဲ့သူ၊ အကြောင်းဆုံရင်ဖြစ်၊ အကြောင်းကုန်ရင် ပျက်စီးသွားနေကြတာဆိုတဲ့ သဘောတွေကိုတောင် မမြင်မသိနိုင်ကြတော့ပါဘူး"

"ဩော်.."

"လောကသဘောကို မမြင်၊ မသိတော့ လောကကြီးရဲ့ မကောင်းတဲ့အကြောင်းတွေဆုံလို့ မကောင်းကျိုးတွေဖြစ်လာတာကို အတင်းငြင်းပယ်ချင်ကြတယ်၊ ရှောင်လွှဲချင်ကြတယ်၊ မကောင်းကျိုးတွေကို ဆုံရတဲ့အခါ၊ နောင်ဆိုရင် အခုလိုမကောင်းတဲ့အကြောင်း အလုပ်၊ အပြော၊ အကြံတွေကို အဖြစ်မခံတော့ဘူးဆိုတဲ့ အသိမျိုးတွေလည်း ဝင်မလာနိုင်တော့ဘူး။

ဒီမကောင်းတဲ့အကျိုးကိုပဲ မကြိုက်၊ စိတ်ဆိုး၊ အဲဒီမကြိုက်စိတ်ဆိုတဲ့အကြောင်းဆိုးတွေ ထပ်ဖြစ်၊ ဒေါသထွက် မကောင်းကျိုးတွေထပ်ရ၊ ဒီလိုတွေ ဖြစ်နေတော့တာပေါ့"

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၁)

ဦးမင်းဟန်(ဘီအေ)

"ပူစူးမရေ"

"ဟုတ်ကဲ့ ဘိုးလေး၊ ပြောပါ"

ဘိုးလေးကြွက်၏စကားကို ပူစူးမက ပြန်ပြောလိုက်ရင်း ရေးမှတ်စရာမှတ်စုစာအုပ်ကို ထုတ်လိုက်ရာ ကိုဦးနှင့် မောင်ထူးကပါ မှတ်စုစာအုပ်များလိုက်ထုတ်ကြသည်။

"မြေးတို့ကျောင်းမှာ ဆရာကန်တော့ပွဲလုပ်ကြတယ်ဆို"

"ဟုတ်တယ်ဘိုးလေး။ သီတင်းကျွတ်ကျောင်းပိတ်ရက်မရောက်ခင် အပြီးလုပ်ကြတယ်။ ကျောင်းမှာက ကျောင်းကောင်စီအသင်းတွေ ရှိနေတာဆိုတော့ လုပ်ရတာအဆင်ပြေပါတယ်။ အသင်းဝင်တွေက စုပေါင်းပြီး တာဝန်ခွဲဝေယူကြတာ။ စာသင်ခန်းအတွင်းသန့်ရှင်းရေးလုပ်တာတို့၊ ကျောင်းရေအိုးစင်တွေ ရေဖြည့်တာတို့၊ အခမ်းအနားအစီအစဉ်လုပ်တာတို့ကို ပူးပေါင်းလုပ်ဆောင်ကြပါတယ်။ မြေးတို့လည်း ကျရာတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ကြပါတယ်။ ဆရာ ဆရာမတွေကို လက်အုပ်ချီမိုးကန်တော့ရတာ ကျေနပ်မိပါတယ်"

"အေးကွယ်၊ မြေးတို့တွေက လိမ္မာရေးခြားရှိကြပါပေတယ်"

ဘိုးလေးကြွက်က ပြောပြောဆိုဆို ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို တစ်ကြိုက်တည်းမော့သောက်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောလိုက်သည်။

"ဒီနေ့ မြေးတို့ကို အထူးပြောချင်တာလေးတွေရှိတယ်။ စာသင်ခန်းယဉ်ကျေးမှုဆိုတာ တကယ်တော့ကျယ်ဝန်းတယ်ကွယ့်။ စာသင်ခန်းထဲမှာရှိနေစဉ် လိုက်နာသင့်တဲ့အရာတွေကို စည်းကမ်းနဲ့အညီ လိုက်နာလုပ်ဆောင်မှုတွေဟာ စာသင်ခန်းယဉ်ကျေးမှုကို လိုက်နာတာပဲပေါ့ကွယ်။ နောက်ပြီး ကျောင်းမှာစုစည်းလုပ်ဆောင်ကြတာဟာလည်း နောင်တစ်ချိန်ပြင်ပလောကရောက်တဲ့အခါ အများကြီးအကျိုးပြုတယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"အထူးသတိထားရမှာက ကန်တော့ပွဲတွေမှာ စကားသံကို အကျယ်ကြီးမပြောရဘူးနော်။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း အခမ်းအနားကို ကျင်းပကြရတယ်။ ကန်တော့ချိုးကိုလည်း အတန်းခေါင်းဆောင်က တိုင်ပေးရတယ်။ တိုင်ပေးတဲ့ကန်တော့ချိုးကိုလည်း ကျောင်းသား ကျောင်းသူတွေက ညီညီညာညာအဖြစ်နိုင်ဆုံး သတိထားပြီး လိုက်ဆိုကြရမယ်"

"ဟုတ်ကဲ့၊ မှတ်သားထားပါ့မယ် ဘိုးလေး"

ပူစူးမက ပြောပြောဆိုဆို မှတ်စုစာအုပ်တွင် လိုက်ရေးနေရာ ကိုဦးနှင့် မောင်ထူးတို့လည်း မှတ်စုစာအုပ်များတွင် ကိုယ်စီ လိုက်ရေးလိုက်ကြသည်။

"ကန်တော့ချိုးနဲ့ကန်တော့ပြီးလို့ ဆရာ ဆရာမတွေကို လက်ဆောင်ပစ္စည်းတွေပေးအပ်တဲ့နေရာမှာလည်း စနစ်တကျဖြစ်ဖို့လိုတယ်။ အစီအစဉ်တကျဖြစ်ရမယ်"

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့လည်း သတိထားလုပ်ဆောင်ကြပါတယ်။ မောင်ထူးတစ်ယောက်ပဲ ဟိုငေးသည်ငိုင်နဲ့၊ အတိုင်အဖောက်လွဲတာမျိုးဖြစ်တယ်"

"ဟုတ်လား မောင်ထူး"

"မြေးက ကန်တော့ချိုးကိုလိုက်ဆိုတာ နှေးသွားတာမို့ပါ"

"အဲဒါတင်မကဘူး ဘိုးလေး။ သူက တမင်ကို အာရုံကများနေရော၊ တောင်ကြည့်မြောက်ကြည့်နဲ့ ပြီးတော့ ဘေးကလူနဲ့ သူနဲ့စကားပြောနေသေးတယ်။ အဲဒါကြောင့် လိုက်ဆိုတာနောက်ကျတာ ဘိုးလေးရေ"

"ပူစူးမနော် ဟင်းဟင်း"

မောင်ထူးက ပူစူးမကိုစူးစူးစိုက်စိုက်ကြည့်လိုက်ရင်း ပြန်ပြောလိုက်ခြင်းဖြစ်သည်။ မောင်ထူးတစ်ယောက် ဒေါသဖြစ်နေသည်ကို ကြည့်ကာ ကိုဦးကဆက်ပြောသည်။

"မောင်ထူးရာ စိတ်ဆိုးစရာလားကွာ။ အမှန်တွေပဲဟာ"

ဘိုးလေးကြွက်ကတော့ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး အချင်းချင်းပြောဆိုနေကြသည်များကို နားစွင့်နေသည်။ ပြီးမှ ဖြည်းဖြည်းချင်းဆက်ပြောသည်။

"မြေးတို့ပြောတာတွေကို ဘိုးလေးကြားပါတယ်။ ဆရာကန်တော့ပွဲလိုပွဲမျိုးပဲဖြစ်ဖြစ်၊ ကျောင်းမှာ စာသင်ခန်းမှာ ဘယ်လိုပွဲမျိုးပဲ ကျင်းပတာဖြစ်ဖြစ် ကိုယ်ကလိုက်လျောညီထွေရှိရမယ်။ ပတ်ဝန်းကျင်ကို သတိထားကြည့်ရမယ်။ ဆရာ ဆရာမတွေကိုလည်း သတိထားကြည့်ပေးရမယ်။ ကိုယ့်အတွက်နဲ့ ဆရာ ဆရာမတွေကို အလုပ်မရှုပ်စေရဘူး။ အလိုက်တသိဖြစ်နေတာ အကောင်းဆုံးပဲ။ အများနည်းတူ ဝိုင်းဝန်းကူညီလုပ်ဆောင်နိုင်ရင် အကောင်းဆုံးပဲ။ ဆရာ ဆရာမတွေကို ကန်တော့တာကောင်းတဲ့အစဉ်အလာပါပဲ။ ထပ်ပြီးမှာချင်သေးတယ် ဆရာ ဆရာမတွေကို ရိုသေလေးစားမှုတော့ အမြဲရှိပါစေကွယ်"

"ဟုတ်ကဲ့၊ မြေးတို့ မှတ်သားလိုက်နာပါ့မယ် ဘိုးလေး"

■

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

## နေက္ခမ္မပါရမီ

### စည်းစိမ်မဖက်တောမြိုင်ထွက်

"ငါ့ရှိပါရဲ့နဲ့ ငါ့တိုင်းပြည်ကိုစော်ကား ကျူးကျော်ဝံ့ကြတကား။ ဒီမြားတော်ရဲ့ နောက်ပါးက ထပ်လာသောမြားတို့ဟာ သင်တို့ရဲ့နှလုံးသားကို စူးစိုက်စေအံ့။ အသက်ကို မနှမြောရင်တော့ ရှေ့ဆက်ကြည့်ကြပေတော့"

အသဒိသမင်းသားသည် မိမိတိုင်းပြည်အား ကျူးကျော်ရန်စသည့် ခုနစ်ပြည်ထောင်မင်းတို့ထံသို့ မြား၌စာဆွဲကာ စေလွှတ်လိုက်ခြင်းဖြစ်သည်။ မြားသည် ခုနစ်ပြည်ထောင်မင်းတို့ စုပေါင်းပွဲတော်တည်နေစဉ် ရွှေခွက်အဖုံးသို့ စိုက်ဝင်သွားသည်ကို မင်းအပေါင်းတို့ အံ့အားတသင့် တွေ့မြင်လိုက်ကြရသည်။ ခုနစ်ပြည်ထောင်မင်းတို့လည်း အသက်ဘေးကိုကြောက်ရွံ့ကြသဖြင့် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးကြရာ တိုင်းပြည်အတွက် ရန်အပေါင်းမှ အေးငြိမ်းသွားရတော့သည်။

ဖြစ်စဉ်အကြောင်းမှာ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးနတ်ရွာစံကံကုန်ခါနီးအချိန်တွင် ထီးနန်းအမွေကိစ္စနှင့်ပတ်သက်၍ မှူးမတ်တို့အားခေါ်ယူကာ မိန့်ကြားတော်မူလေသည်။

"ငါလွန်တဲ့အခါ သားတော်ကြီး အသဒိသကိုနန်းအပ်ပြီး သားတော် အငယ် ဗြဟ္မဒတ်အား အိမ်ရှေ့စံထားပေလော့"

သားတော်ကြီးဖြစ်သည့် အသဒိသမင်းသားက ပညာသင်ယူပြီးမြောက်၍ တက္ကသိုလ်ပြည်မှ ပြန်လာသောအခါ မှူးမတ်အပေါင်းက နန်းအပ်လေရာ မင်းသားက မင်းစည်းစိမ်ကိုမလိုလားဘဲ မြတ်သောတရားဓမ္မနှင့်သာ အေးချမ်းစွာနေလိုသဖြင့် ညီငယ်ဖြစ်သူကို လွှဲအပ်လိုက်သည်။ ဗာရာဏသီထီးနန်းကို ဗြဟ္မဒတ်မင်း ဆက်ခံသော်လည်း အသဒိသမင်းသားမှာ ရှေးဘုန်းကံကြောင့် မင်းစည်းစိမ်ထက်သာလွန်လျက်ရှိသည်တို့ကို ဗြဟ္မဒတ်မင်း၏ လူများက မင်းကြီးအား နည်းမျိုးစုံဖြင့်ကုန်းချောစကားဆိုကာ သွေးခွဲကြလေတော့သည်။

"အသဒိသမင်းသားအား ဖမ်းစေ"

ညီတော်မင်းကြီး၏အမိန့်ကြောင့် ဘုရားအလောင်းဖြစ်သူ အသဒိသမင်းသားသည် ဗာရာဏသီပြည်မှ ထွက်ပြေးလျက် အခြားသော မင်းတစ်ပါးထံတွင် ခစားရတော့သည်။

"သင်ဟာ တက္ကသိုလ်ပြည်မှာ ပညာသင်ခဲ့ပြီး လေးအတတ်ကိုတစ်ဖက်ကမ်းခပ်တတ်တယ်လို့သိရတယ်။ ငါ့ထံခစားရင် အဘယ်စည်းစိမ် အလိုရှိပါသလဲ၊ လျှောက်တင်ပေလော့"

"တစ်နှစ်ကို အသပြာတစ်သိန်းရရင် ထမ်းဆောင်နိုင်ပါတယ်မင်းကြီး"

တစ်နှစ်လျှင် အသပြာတစ်သိန်း ချီးမြှောက်သည့်အတွက် ရှိနှင့်ပြီးဖြစ်သည့် လေးသမားတို့က အလိုမကျဖြစ်ကာ လေးသမားအသစ်ဖြစ်သည့် အသဒိသမင်းသားအား ချောက်တွန်းရန် ကြံစည်နေကြတော့သည်။

"အသင်တို့ ဒီအပင်ထိပ်ဖျားက သရက်ခိုင်ကို မကွဲမရှဘဲ ပကတိအတိုင်း ရအောင်ယူဆောင်နိုင်ကြပါသလား"

မင်းကြီးက လေးသည်တော်များအား သရက်သီးခိုင်ကိုညွှန်ပြလျက် မိန့်ကြားတော်မူလိုက်ရာ သာမန် လေးအတတ်ဖြင့် မစွမ်းဆောင်နိုင်သည်ဖြစ်ရာ မိမိတို့၏ စွမ်းရည်ညံ့ဖျင်းမှုကို မသိသာစေရန် ကြံစည်၍ မင်းကြီးထံသို့ လျှောက်တင်လိုက်လေသည်။

"မင်းကြီးအလိုကျ ဆောင်ရွက်ရန် ဝန်မလေးပါအရှင်"

"ကဲ- ဒါဆို ပစ်ချကြပေတော့"

"မှန်လှပါ အရှင်မင်းကြီး ကျွန်တော်မျိုးတို့ရဲ့ လေးစွမ်းရည်ကိုဖြင့် မင်းကြီးတွေ့ဖူးမြင်ဖူးပြီးဖြစ်ပါတယ်။ ဒီနေရာမှာတော့ အသစ်ခန့်အပ်တာဝန်ပေးထားတဲ့ လေးသမားအသစ်ရဲ့ အစွမ်းအစဘယ်လောက်ရှိတယ်ဆိုတာ စမ်းသပ်ရန် သင့်တော်တဲ့အချိန်ဖြစ်ပါတယ်။ ဒါမှသာ အရှင်မင်းကြီးချီးမြှင့်တဲ့ လစာရိက္ခာနဲ့ တန်၊ မတန်လည်း အကဲဖြတ်လို့ရနိုင်မှာဖြစ်ပါတယ် အရှင်"

"အေးလေ၊ ဟုတ်ပေသားပဲ။ ကဲ- ကဲ- လေးသမားအသစ်ကို ဆင့်ခေါ်စမ်း"

မင်းကြီးသည် လေးသမားအသစ်ဖြစ်သူ အသဒိသကိုခေါ်ကာ သရက်သီးကိုပြပြီး ပုံသဏ္ဌာန်မပျက်ယူပေးနိုင်စွမ်းရှိ၊ မရှိ မေးမြန်းတော်မူသည်။

"မှန်လှပါ အရှင်မင်းကြီး ကျွန်တော်မျိုးအလိုရှိတဲ့နေရာက ပစ်ခွင့်ရရင်စွမ်းနိုင်ပါတယ်ဘုရား"

"ဟေ၊ ဟုတ်လား- သင် ဘယ်နေရာက ပစ်ချင်တာလဲ"

"မင်းကြီးယာယီစံမြန်းတဲ့ ဒီနေရာ တင်းထိမ်ကမ္ဗလာအတွင်းကနေ ပစ်ခွင့်ရရင် အလိုရှိတဲ့ပုံစံအတိုင်း ရရှိနိုင်ပါတယ်"

"ကောင်းပြီ၊ သင် အလိုရှိသလို အသုံးပြုစေ"

ဘုရားအလောင်းဖြစ်သူ အသဒိသသည် တင်းထိမ်အတွင်းဝင်ရောက်ပြီး အပေါ်ဝတ်ရုံကိုဖယ်ကာ အနီရောင်ရှိသောပုဆိုးကို ဝတ်ဆင်သည်။ ပုဆိုးကို အောက်ပိုးကျိုက်လိုက်ပြီး အခြားသော အနီရောင်ပုဆိုးကို ခါးတွင်စည်းနှောင်လိုက်သည်။ ယင်းနောက် အိတ်ဖွဲ့ထားသည့် သန်လျက်ကိုထုတ်ယူကာ လက်ဝဲနံပါးတွင် လွယ်လိုက်ပြီး ဆိတ်ချိုဖြင့် ပြုလုပ်ထားသည့်လေးကိုယူလျက် သန္တာအဆင်းရှိသော ညှို့ကိုတင်လိုက်သည်။ ထို့နောက် အဆောင်အယောင်ဖြစ်သည့် သင်းကျစ်ကို ဦးခေါင်းထက်စွပ်ကာ စဉ်းသွားကိုလက်သည်းဖြင့်ခတ်လိုက်ရာ မိုးချုန်းသံတမျှ အသံထွက်လာသည်။

"ဒန်..ဒန်..ဒန်"

လေးညှို့မှထွက်ပေါ်လာသောအသံကြောင့် ပရိသတ်မှာ ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြသည်။

"အလကားနေရင်း ထိတ်လန့်နေကြတယ်၊ လေးညှို့သံပါ၊ လေးညှို့သံပါ"

လေးသမား အဟောင်းတို့က အသဒိသမင်းသားကြားအောင် လေသံမြင့်မြင့်ဖြင့် ပရိသတ်ကိုပြောသည့်ပမာ ပြောလိုက်ပြီး အချင်းချင်းအချက်ပေးကာ ရယ်သွမ်းသွေးကြသည်။

"အရှင်မင်းကြီး ဒီသရက်ခိုင်ကို အထက်တက်တဲ့မြားနဲ့ ကျစေချင်ပါသလား။ ဒါမှမဟုတ် အောက်ပြန်ကျတဲ့မြားနဲ့ကျတာ လိုချင်ပါသလားအရှင်"

"မြားအရှိန်တန့်ပြီး ပြန်ကျလာချိန် သရက်ခိုင်ကိုမှန်အောင်ပစ်မယ်လို့ သင်ဆိုလိုတာလား"

"မှန်လှပါ အရှင်မင်းကြီး၊ မြားကို စတုမဟာရာဇ်နတ်ပြည်ရောက်အောင် ပစ်တင်လိုက်ပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ




## သည်းခံရေးမင်္ဂလာ

စားဝတ်နေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်ဝန် ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၃၈-ဖြာမင်္ဂလာ ကဗျာများထဲက အဌမမြောက်ကဗျာပေါ့ကွယ်။ "သည်းခံရေးမင်္ဂလာ" ကဗျာလို့ခေါ်တယ်။ စိတ်ထားရေးမင်္ဂလာငါးပါးကို ကဗျာအဖြစ် ဆရာကြီးဒဂုန်ဦးဆန်းငွေက ရေးစပ်သီကုံးခဲ့တာဖြစ်တယ်။

ဘဝဖြတ်သန်းမှုမှာ အဆင်ပြေပြေနဲ့ အောင်မြင်ပျော်ရွှင်နိုင်ကြဖို့ လောကရဲ့ဘဝဖြတ်သန်းမှုမှာ သည်းခံရေးဆိုင်ရာ အတတ်ပညာတွေကို သိမြင်နိုင်ကြစေဖို့ သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက် မှတ်လို့လွယ်အောင် ရွတ်ဆိုရတာ လွယ်ကူချောမွေ့အောင် သံပေါက်ကဗျာအဖြစ်ဖွဲ့ဆိုပေးထားတာလည်းဖြစ်တယ်။

၃၈-ဖြာမင်္ဂလာကဗျာဖြစ်လာဖို့အတွက် ဆက်ဆံရေးမင်္ဂလာသုံးပါး၊ နေထိုင်ရေးမင်္ဂလာသုံးပါး၊ သင်ကြားရေး မင်္ဂလာလေးပါး၊ ပြုစုရေးမင်္ဂလာသုံးပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာလေးပါး၊ စိတ်ထားရေး မင်္ဂလာငါးပါး၊ သည်းခံရေးမင်္ဂလာလေးပါး၊ ခြိုးခြံရေးမင်္ဂလာလေးပါး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာလေးပါးတို့နဲ့ ဖွဲ့စည်းထားတာပေါ့ကွယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ ခြိုးခြံရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးဆိုတာ လူမှုဘဝရှင်သန်ရေးမှာ အရေးပါတဲ့အချက်ကြီး ၁၀ ချက်ပဲပေါ့ကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု၊ ယဉ်ကျေးလိမ္မာနည်းလမ်းကောင်းတွေပဲပေါ့။

ဆက်ဆံရေးမင်္ဂလာသုံးပါးဖြစ်တဲ့ (၁) အသေဝနာစ ဗာလာနံ၊ လူမိုက်ကိုမပေါင်းသင်းရ။ (၂) ပဏ္ဍိတာနဉ္စ သေဝနာ၊ ပညာရှိကို ပေါင်းသင်းရမယ်။ (၃) ပူဇာစ ပူဇနေယျာနံ၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်။ နေထိုင်ရေးမင်္ဂလာသုံးပါးဖြစ်တဲ့ (၁) ပတိရူပ ဒေသဝါသောစ၊ သင့်တင်လျောက်ပတ် ကောင်းမြတ်သော အရပ်၌နေရမယ်။ (၂) ပုဗ္ဗေစကတပုညတာ၊ ရှေးဘဝက ပြုခဲ့ဖူးသောကောင်းမှု ရှိရမယ်။ (၃)အတ္တသမ္မာပဏိဓိစ၊ အကျင့်သီလမပျက်ရအောင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ထိန်းရမယ်။ သင်ကြားရေးမင်္ဂလာ လေးပါးဖြစ်တဲ့ (၁)ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသူ ဖြစ်ရမယ်။ (၂) သိပ္ပဉ္စ၊ စက်မှုလက်မှုအတတ်တတ်ရမယ်။ (၃) ဝိနယောစသုသိက္ခိတော၊ ကိုယ်ကျင့်တရားကောင်းမွန်ရမယ်။ (၄) သုဘာသိတာစယာဝါစာ၊ ချိုသာသောစကားကို ပြောဆိုရမယ်။ ပြုစုရေးမင်္ဂလာ သုံးပါးဖြစ်တဲ့ (၁)မာတာပိတုဥပဋ္ဌာနံ၊ မိဘနှစ်ပါးကိုပြုစုလုပ်ကျွေးရမယ်။ (၂) ပုတ္တဒါရဿ သင်္ဂဟော၊ သားသမီး၊ ဇနီးမယားတို့ကို ပြုစုလုပ်ကျွေးထောက်ပံ့ရမယ်။ (၃)အနာကုလာစ ကမ္မန္တာ၊ သူတစ်ပါးကို မထိခိုက်စေဘဲ အနှောင့်အယှက်ကင်းသော အလုပ်ကိုပြုလုပ်ရမယ်။

လိုက်နာရေးမင်္ဂလာလေးပါးဖြစ်တဲ့ (၁) ဒါနဉ္စ၊ စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်။ (၂) ဓမ္မာစရိယာစ၊ သုစရိုက်တရားကို ကျင့်ရမယ်။ (၃) ဉာတကာနဉ္စ သင်္ဂဟော၊ ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ရမယ်။ (၄) အနဝဇ္ဇာနိ ကမ္မာနိ၊ အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ရမယ်။ ရှောင်ကြဉ်ရေးမင်္ဂလာလေးပါးဖြစ်တဲ့ (၁) အာရတီပါပါ၊ မကောင်းမှုတို့ကို မတွေ့ကြုံမီကပင်စိတ်ဖြင့် ရှောင်ကြဉ်ထားနှင့်ရမယ်။ (၂) ဝိရတီပါပါ၊ မကောင်းမှုပြုရန် ကြုံလာပါက မပြုမိ၊ မပြောမိအောင် ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ရမယ်။ (၃) မဇ္ဇပါနာစ သံယမော၊ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ရမယ်။ (၄) အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်တရားတို့တွင် မမေ့မလျော့စွာရှိနေရမယ်။

စိတ်ထားရေးမင်္ဂလာငါးပါးဖြစ်တဲ့ (၁) ဂါရဝေါစ၊ အသက်သိက္ခာဂုဏ်ဝါကြီးမားသော ရှိသေထိုက်သူတို့ကို ရှိသေရမယ်။ (၂) နိဝါတောစ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကြိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်မာနကိုနှိမ်ချထားရမယ်။ (၃) သန္တုဋ္ဌိစ၊ ရသမျှဖြင့်ရောင့်ရဲ ကျေနပ်နိုင်ရမယ်။ (၄) ကတညုတာစ၊ ရှေးကပြုဖူးသောသူ့ကျေးဇူးကိုသိတတ်၍၊ အခွင့်သင့်သောအခါ ပြန်ဆပ်တတ်ရမယ်။ (၅)ကာလေနဓမ္မ သဿဝနံ၊ သင့်လျော်သောအခါ၌ တရားနာကြားရ မယ် ဆိုတာတွေကိုတော့ ပုံဝတ္ထုတွေနဲ့ ဖော်ပြခဲ့ပြီးပါပြီ။

"သည်းခံရေးမင်္ဂလာ လေးပါး"

၁။ ခန္တီစ
၂။ သောဝစဿတာ၊
၃။ သမဏာနဉ္စဒဿနံ
၄။ ကာလေနဓမ္မသာကစ္ဆာ

မြန်မာလိုအဓိပ္ပာယ်တွေကတော့ (၁) ခန္တီစ - မြေကြီးပမာအရာရာ၌ သည်းခံခြင်း၊ ဒေါသမပွား မေတ္တာထား၍သည်းခံရခြင်း။ (၂)သောဝစဿတာ - ဆုံးမခံယူ လွယ်ကူသောသူဖြစ်ခြင်း၊ သူတော်ကောင်းတို့ရဲ့စကားကို လိုက်နာလွယ်ကူသူဖြစ်ရခြင်း။ (၃) သမဏာနဉ္စဒဿန - ရဟန်းသံဃာတော်တို့အား ဖူးမြော်ခြင်း၊ ရဟန္တာမထေရ် အရှင်သူမြတ်တို့ကိုဖူးမြော်ရခြင်း။ (၄) ကာလေနဓမ္မသာကစ္ဆာ - သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်း၊ အခါသင့်တဲ့အခါ တရားစကားများကို ဆွေးနွေးမေးမြန်းရခြင်းတို့ပေါ့ကွယ်။

သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အပါအဝင် လူတိုင်းလူတိုင်းအတွက် ဘဝဖြတ်သန်းမှုမှာ သည်းခံရေးမင်္ဂလာလေးပါးနဲ့အညီ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ပျော်ရွှင်ကာ ငြိမ်းအေးသာယာပြီး ချမ်းသာကြွယ်ဝတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြမှာပဲဖြစ်တယ်။

ဒေါသမပွားဘဲ သည်းခံမှုရှိရမယ်။ ပညာရှိအဆုံးအမကို လိုက်နာရမယ်။ ရဟန်းအရှင်သူမြတ်တို့ကို ဖူးမြော်ရမယ်။ အခွင့်အခါသင့်တိုင်း တရားစကားဆွေးနွေးမေးမြန်းရမယ်။

မြန်မာလိုအနှစ်ချုပ်ပါပဲ။ ယနေ့လူငယ်လူရွယ် မျိုးဆက်သစ်သားတို့သမီးတို့၊ မောင်တို့ မယ်တို့အပါအဝင် လူတိုင်းလူတိုင်း လိုက်နာကျင့်ဆောင်ရမယ့် စိတ်ထားရေးမင်္ဂလာနည်းနာတွေပေါ့ကွယ်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၀၁၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၆၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၉၇,၀၇၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၆,၉၈၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၄၈၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၁,၀၄၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၆၇) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း)မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၅၇၂၀၁၁ | ၉၅၇၇၃၉၁၀ | ၁၀၈၇၉၇၆ |
| ၂။ | အိန္ဒိယ | ၄၄၆၁၆၃၉၄ | ၄၄၀၆၀၁၉၈ | ၅၂၈၈၂၂ |
| ၃။ | ပြင်သစ် | ၃၅၈၇၅၆၂၆ | ၃၄၈၁၇၈၈၄ | ၁၅၅၅၃၅ |
| ၄။ | ဘရာဇီး | ၃၄၇၆၆၂၀၄ | ၃၃၉၂၆၁၁၈ | ၆၈၆၉၂၈ |
| ၅။ | ဂျာမနီ | ၃၄၁၂၁၁၆၈ | ၃၂၇၀၁၁၀၀ | ၁၅၀၇၂၀ |
| ၆။ | တောင်ကိုရီးယား | ၂၄၉၉၅၂၄၆ | ၂၄၅၃၆၃၂၃ | ၂၈၇၀၈ |
| ၇။ | ဗြိတိန် | ၂၃၇၃၅၂၇၃ | ၂၃၃၉၄၁၃၄ | ၁၉၀၈၈၈ |
| ၈။ | အီတလီ | ၂၂၈၃၀၈၂၅ | ၂၂၁၄၉၈၂၈ | ၁၇၇၅၇၀ |
| ၉။ | ဂျပန် | ၂၁၅၆၄၉၉၅ | ၂၀၄၃၃၉၉၆ | ၄၅၅၃၈ |
| ၁၀။ | ရုရှား | ၂၁၂၃၂၉၆၃ | ၂၀၄၇၀၅၅၂ | ၃၈၈၄၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၈၆၈၅ | ၁၀၅၉၇၁၃၆ | ၄၃၁၅၄ |
| ၂။ | အင်ဒိုနီးရှား | ၆၄၄၈၂၂၀ | ၆၂၇၃၅၉၃ | ၁၅၈၂၃၅ |
| ၃။ | မလေးရှား | ၄၈၅၆၂၁၇ | ၄၇၉၇၆၄၇ | ၃၆၄၀၃ |
| ၄။ | ထိုင်း | ၄၆၈၅၀၄၇ | ၄၆၄၇၂၇၅ | ၃၂၈၂၉ |
| ၅။ | ဖိလစ်ပိုင် | ၃၉၇၁၄၅၅ | ၃၈၈၃၁၂၂ | ၆၃၃၂၉ |
| ၆။ | စင်ကာပူ | ၁၉၅၇၉၁၆ | ၁၈၆၉၅၀၁ | ၁၆၃၂ |
| ၇။ | မြန်မာ | ၆၂၆၉၈၂ | ၆၀၁၀၄၆ | ၁၉၄၆၇ |
| ၈။ | ဘရူနိုင်း | ၂၂၉၆၆၅ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၀၀၈ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၃၇ | ၁၃၄၈၁၁ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့သစ်မြို့နယ် သမဝါယမအသင်းစုဆန်စက်က ဆန်များ ကြိတ်ခွဲထုတ်လုပ်

မကွေး အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သမဝါယမအသင်းစု ဆန်စက်လုပ်ငန်းကို ငါးပုံဆန်စက် (မြင်းကောင်ရေ 35 HP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြို့သစ်မြို့နယ် သမဝါယမအသင်းစုက စပါးများဝယ်ယူ၍ ကြိတ်ခွဲရောင်းချခြင်း၊ ဒေသခံတောင်သူများ၏ စပါးများကို သက်သာသောနှုန်းထားများဖြင့် ကြိတ်ခွဲနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

အသင်းစု ဆန်စက်လုပ်ငန်းမှ တစ်ရက်လျှင် စပါးတင်း ၂၅၀ ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည်။ ဆန်များ ကြိတ်ခွဲရာတွင် ထွက်ရှိလာသည့် စပါးခွံများနှင့် ဖွဲ့နုများကို တိရစ္ဆာန်အစာအဖြစ် ပြန်လည်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၁၀-၁၀-၂၀၂၂ ရက်နေ့မှအဆက်**

သူ၏စိတ်၌ကား ကိုဘခက်ကိုပင် တွေးမရအောင် ရှိတော့သည်။ ကိုဘခက်၏ မိဘမျိုးရိုး ပညာအရည်အချင်း စသည်တို့ကိုတွေးရင်း ခေါင်းရှုပ်လာသည်။

သို့တွေးနေရင်းမှ နောက်ဆုံးစာအုပ်တစ်အုပ်ကို အမှတ်မထင် လှန်လိုက်မိသည်။ 'မ' ၏လက်များသည် တဆတ်ဆတ်တုန်၍လာသည်။ မျက်လုံးများလည်း ပြာ၍သွားသည်။

'မ' သည် ကိုဘခက်၏ နေ့စဉ်မှတ်တမ်းကို အမှတ်မထင် လှန်လိုက်မိခြင်း ဖြစ်သည်။

"ကိုယ့်ဘဝကို မြှုပ်နှံထားခြင်းဖြင့် 'မ' ၏အချစ်ကို သန့်ရှင်းစွာ အရယူမည်။ ကိုယ့်အတွက် လမ်းနှစ်လမ်းသာ ရွေးရန်ရှိတော့သည်။ သည်တစ်ချက်အတွက် မှားလျှင် နောက်တစ်ကြိမ် ကိုယ်လွင့်ရပေဦးမည်။ 'မ' ကို ကိုယ်ချစ်သည်။ 'မ' နှင့် ဝေးရာပြေးရမည်ကို ကိုယ်ကြောက်တာ အမှန်ပင်ဖြစ်သည်။ ကိုယ့်တစ်သက်တွင် 'မ' ကို မုန်း၍လည်းမရ၊ မေ့၍လည်းမရ။ 'မ'... အတွက် ကိုယ့်မှာ အစဉ်မောရပေတော့မည်"

ကိုဘခက်၏ ညီညာလှသော လက်ရေးစာလုံးကလေးများသည် တဖြည်းဖြည်း မှုန်ဝါး၍သွားသည်။ တိတ်ဆိတ်လှသော အခန်းငယ်အတွင်း၌ 'မ' သည် သူ့ရင်ခုန်သံကိုပင် သူ ပြန်ကြားနေရသည်။

ထိုအတွင်းမှာပင် နောက်ဆီမှ ခြေသံကို ကြားရသဖြင့် 'မ' သည် အလန့်တကြား လှည့်၍ကြည့်လိုက်မိသည်။ 'မ' လက်ထဲမှ စာအုပ်ကလေးသည် အောက်သို့ လွတ်ကျသွားလေသည်။

အပေါက်ဝ၌ကား ကိုဘခက်သည် မလှုပ်မယှက် ရပ်လျက်ရှိနေတော့သည်။ 'မ'သည် ကိုဘခက်ကို ကြာကြာမကြည့်ရဲတော့ချေ။

ခေါင်းကိုငုံ့ရင်း စာအုပ်ကို ပြန်ကောက်လိုက်သည်။ ဤတွင် ကိုဘခက်နှင့် 'မ' ၏ လက်များသည် စာအုပ်ပေါ်တွင် ထိတွေ့၍သွားသည်။ ကိုဘခက်သည် 'မ' ၏ လက်နှစ်ဖက်ကို အပေါ်မှမိုး၍ ဆုပ်ကိုင်ထားလိုက်သည်။

'မ' သည် ရှက်စိတ်ကြောက်စိတ်ဖြင့် တဆတ်ဆတ် တုန်၍နေတော့သည်။ ကိုဘခက်သည် 'မ' လက်ထဲမှ စာအုပ်ကို




ယူလိုက်ပြီးလျှင် 'မ' ၏ လက်နှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ပြီး နေရာမှ အသာအယာထလိုက်သည်။ 'မ' မှာ အလိုက်သင့်ပါ၍လာသည်။ ရုတ်တရက် သူ့လက်ကို တွန်းရန်လည်း သတိမရ၊ ကြောက်စိတ်ဖြင့်သာ မွန်ထူ၍နေသည်။

ကိုဘခက်သည် 'မ' ၏လက်နှစ်ဖက်ကို အသာကိုင်၍ ကုလားထိုင်တွင် ထိုင်လိုက်စေသည်။ 'မ' ကမူ ကိုဘခက်၏အမိန့်ကို မလွန်ဆန်နိုင်တော့သကဲ့သို့ ကိုဘခက်ခိုင်းသည့်အတိုင်းပင် ကုလားထိုင်တွင် ထိုင်လိုက်ရှာသည်။

"'မ' ဆရာ့စာအုပ်ကို သိမ်းပေးတာပါ ဆရာ။ ဆရာ့စာအုပ်တွေကို မဖတ်ပါဘူး"

'မ'က အပြစ်ရှိသော ကလေးငယ်ကဲ့သို့ စိုးရိမ်တကြီး တောင်းပန်နေသည်ကိုပင် ကိုဘခက်မှာ ပို၍သနားရမလို ရှိတော့သည်။

"'မ'ကို ကျွန်တော် ဘာမှလည်းမပြောရပါလား"

"မဟုတ်ဘူးလေ၊ ဆရာ အထင်လွဲမှာစိုးလို့ ပြောရတာ။ ဆရာ့အခန်း ရှုပ်ပွနေလို့ 'မ' လာပြီးရှင်းပေးတာပါဆရာ"

"ကျွန်တော် 'မ' ကို ဘယ်တော့မှအထင်မလွဲပါဘူး။ ခုလိုလုပ်ပေးတဲ့အတွက် 'မ' ကိုတောင် ကျေးဇူးတင်တယ်။ အားလည်းနာမိတယ်"

'မ' သည် ဘာကိုပြန်ပြောရမှန်း မသိတော့ချေ။ ကိုဘခက်ကို ကြည့်လိုက်ပြန်တော့လည်း ကိုဘခက်မျက်နှာမှာ ထူးထူးခြားခြား ရွှင်လန်းနေသည်။

'မ'သည် ကိုဘခက်ကို တစ်ချက်မျှကြည့်လိုက်ပြီးလျှင် ခေါင်းကို ငုံ့ထားလိုက်သည်။ ကိုဘခက်ကမူ အိတ်ထဲမှ နံ့ကာဘူးကလေးကိုထုတ်၍ ဖွင့်လိုက်သည်။

'မ' ကို ကျွန်တော် လက်ဆောင်တစ်ခု ပေးပါရစေ။ ငြင်းပယ်မယ်ဆိုရင်တော့ ကျွန်တော် စိတ်ကောင်းမှာမဟုတ်တော့ဘူး။ ကျွန်တော့်စေတနာကို ယုံကြည်ပြီး လက်ခံစေချင်တယ်"

ကိုဘခက်သည် ပြောပြောဆိုဆို နံ့ကာဘူးထဲမှ ပတ်ကားဖောင်တိန်ကလေးကို ထုတ်၍ 'မ' လက်သို့ ကမ်းလိုက်သည်။ 'မ'သည် ကိုဘခက်ပေးသော ရွှေဖောင်တိန်ကလေးကို ရုတ်တရက် မယူမိသေးဘဲ ကြောင်၍ကြည့်နေမိသည်။

ကိုဘခက်သည် 'မ' လက်တွင်းသို့ အတင်းထည့်ပေးလိုက်မှ အသာယူ၍ ထားလိုက်သည်။

"ကနေ့ ကျွန်တော့်ပညာနဲ့ ပထမဦးဆုံး ငွေရတဲ့နေ့ပဲ။ ကုမ္ပဏီမှာ ကျွန်တော် သီချင်းနှစ်ပုဒ်သွင်းရတယ်။ တီးခရော၊ ရေးခရော၊ နှစ်ရာ့ငါးဆယ်ရတယ်။ အစကတည်းက ကျွန်တော် ငွေထုတ်ရင် 'မ' ကို လက်ဆောင်တစ်ခုခုပေးမယ်လို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ဘာဝယ်ရမှန်းစဉ်းစားလို့မရဘူး။ အလှအပပစ္စည်း တွေလည်း ဝါသနာမပါဘူး။ ကျွန်တော်ပေးချင်တာက စာအုပ်ရယ်၊ နာရီရယ်၊ ဖောင်တိန်ရယ်၊ တူရိယာပစ္စည်းတစ်ခုခုရယ် ... ဒါပဲ ဝယ်ချင်တယ်။ စာအုပ်ဆိုပြန်တော့လည်း ဘာစာအုပ်မျိုးကို 'မ' ကြိုက်မှန်းမသိဘူး။ တူရိယာပစ္စည်းဆိုတာလည်း 'မ' တို့အိမ်မှာ အပြည့်အစုံရှိပြီးသား။ နာရီကျပြန်တော့လည်း အဖိုးတန်ဝယ်မှ ကောင်းမယ်။ တန်ဖိုးကြီးလည်း ဝယ်ဖို့ငွေက မလုံလောက်ဘူး။ ကျွန်တော့်အတွက် စာအုပ်ကလေး ဘာလေးကလည်း ဝယ်ချင်သေးတယ်။ 'မ' ကျေနပ်တယ်မဟုတ်လားဟင်"

'မ' သည် ကြောင်နေရာမှ ကိုဘခက်၏ အမေးကို ရုတ်တရက် ပြန်၍ဖြေလိုက်ရသည်။

"ဟုတ် ... ဟုတ်ကဲ့၊ 'မ' ကြိုက်ပါတယ်။ ဒါပေမဲ့ ဆရာရယ် ... အားနာစရာကြီး။ ဘာလို့ဝယ်လာရတာလဲ။ ပိုင်းလော့လောက်ဆိုရင် တော်ရောပေါ့"

"ကျွန်တော့်ဝါဒကတစ်မျိုး၊ အသုံးဝင်တဲ့ပစ္စည်းဆိုရင် အကောင်းစားမှ ကြိုက်တယ်။ အဖိုးတန်မှ မက်မောတယ်။ ကျွန်တော် ပြိုင်ပွဲမှာ ရိုက်ချိုးခဲ့တဲ့ တယောဆိုရင် ချက်ကိုစလိုဗေးကီးယားလုပ် အကောင်းစား တယောလေးပေါ့။ သုံးနှစ်ငွေစုပြီး ဝယ်ထားတာ။ ပြိုင်ပွဲကျတော့ စိတ်ကို မချုပ်တည်းနိုင်ခဲ့တာနဲ့ ရိုက်ခွဲပစ်ခဲ့တာ။ ခုမှ နှမြောနေတယ်။ အဖိုးတန်ပစ္စည်းဆိုတာ သူ့ကို မြတ်နိုးမက်မောသလောက် ဆုံးရှုံးသွားရင် နှမြောဖို့ အလွန်ကောင်းတယ်။ နောက်ဆုံးတော့ ကိုယ်နဲ့မထိုက်တန်လို့ပဲလို့ အောက်မေ့ရတာပဲ"

ကိုဘခက်သည် သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်သော်လည်း 'မ' ကမူ ရုတ်တရက်အားဖြင့် သတိမမူလိုက်ပေ။

ကိုဘခက်ပေးသော ဖောင်တိန်ကလေးကို ကိုင်တွယ်၍ ကြည့်နေမိသည်။

ထို့ကြောင့်လည်း စကားပြောင်းလိုက်သည်။

"'မ' ကျွန်တော့်ကို အံ့သြနေပုံရတယ်။ စားပွဲပေါ်က ဒီစာအုပ်တွေကိုကြည့်ပြီး ကျွန်တော့်ကို အထင်ကြီးနေသလား။ ဒီစာအုပ်တွေကို ကျွန်တော် မဖတ်တတ်ပါဘူး။ ကျွန်တော့် သူငယ်ချင်းမိတ်ဆွေတစ်ယောက်ကပေးလို့ ယူခဲ့တာပါ။ ကမ္ဘာ့ဂီတကျမ်းတွေနဲ့ ကမ္ဘာ့ဂီတဆရာကြီးတွေအကြောင်းလို့ ပြောတာပဲ။ အဲဒါ 'မ' ကို အဖတ်ခိုင်းပြီး ပြန်ပြောမယ်ဆိုရင်တော့ သိပ်ကျေးဇူးတင်မှာပဲ"

ကိုဘခက်ပြောသော စကားများမှာ ယုံရအခက် မယုံရအခက် ဖြစ်နေသည်။

ကိုဘခက် မည်သို့ပင် ဖုံးကွယ်စေကာမူ သူ့စာအုပ်အတွင်း၌ အရေးကြီးသော စာပိုဒ်များတွင် တားထားသော မင်နီကြောင်းများက ကိုဘခက်၏ အရည်အချင်းကို ဖော်ပြထားပြီးသား ဖြစ်နေတော့သည်။

ထို့ကြောင့်လည်း 'မ' သည် ကိုဘခက်၏စကားကို နားထောင်ရင်း မသိမသာ ပြုံးလိုက်သည်။

"ဒါဖြင့် ဆရာ့စာအုပ်တွေက သူဖတ်ပြီးသားကို လက်ဆောင်ပေးတာလား၊ အသစ်ဝယ်ပေးတာလား"

'မ' က မသိမသာ လှည့်၍မေးလိုက်သောအခါ ကိုဘခက်မှာ ဖုံးခဲ့သမျှ ဘွင်းဘွင်းကြီး ပေါ်သွားတော့သည်။

အသစ်စက်စက်တွေပေါ့။ အမေရိကားက မှာပြီးပေးတာ"

'မ' သည် အသံထွက်အောင် မရယ်မိရန် မနည်းချုပ်တည်း၍ ထားလိုက်တော့သည်။ ကိုဘခက်သည် 'မ' ကိုကြည့်ရင်း မလုံမလဲ ဖြစ်နေတော့သည်။

သည်တော့မှလည်း 'မ'က ဣန္ဒြေပြန်၍ဆည်လိုက်တော့သည်။

"ဆရာက သိပ်ပြီးလျှို့ဝှက်တာပဲ။ ကြောင်လက်သည်းဝှက်ဆိုတာ ဆရာ့လိုပုဂ္ဂိုလ်မျိုးပဲနေမှာပေါ့နော်။ 'မ'တို့ကတော့ လူချင်းဆက်ဆံတဲ့နေရာမှာ ဖုံးကွယ်ပြီး ဆက်ဆံတာကိုမကြိုက်ဘူး။ ပွင့်ပွင့်လင်းလင်းဆက်ဆံမှုကြိုက်တယ်။ ဖုံးကွယ်ပြီး ဆက်ဆံတာဟာ မရင်းနှီးတဲ့သဘောကို ပြတာပဲ။ ဆရာက 'မ' ကို ဖုံးကွယ်ပြီး ဆက်ဆံနေပေမယ့် ဆရာ့အကြောင်းကို 'မ' သိပါတယ်ဆရာ"

ကိုဘခက်သည် အတတ်နိုင်ဆုံး ကြိုးစား၍ ဟန်ဆောင်နေရသော်လည်း မသိမသာ မျက်နှာပျက်နေသည်။

'မ'ကမူ ကိုဘခက်၏အဖြစ်ကိုကြည့်ရင်း ကျေနပ်နေမိလေသည်။

"နေပါဦး ... ကျွန်တော် ဘာများဖုံးကွယ်လို့လဲ။ 'မ' ကို ကျွန်တော် မဖုံးကွယ်ပါဘူး"

"အမယ် ... ဆရာက ညာမပြောပါနဲ့။ ဆရာ့စာအုပ်တွေကြည့်ရင် သိတာပဲ။ ဆရာပြောသလို ဆရာ့စာအုပ်တွေက အသစ်စက်စက်ကြီးတွေဆိုရင် ဘာလို့ မင်နီတွေ တားထားတာလဲ။ ဒါ ဆရာဖတ်ပြီးသားမှန်း 'မ' သိပါတယ်"

'မ' က ပြောပြောဆိုဆို စာအုပ်တစ်အုပ်ကို ဆွဲ၍လှန်ပြလိုက်သည်။

ကိုဘခက်သည် 'မ' လက်ထဲမှ စာအုပ်ကိုကြည့်ရင်း ငိုင်နေသည်။ ဆက်၍လည်း မငြင်းနိုင်တော့ချေ။

ဤသည်ကိုပင် 'မ' က အနိုင်ရသည့်အလား ပို၍ ကျေနပ်နေပြန်တော့သည်။

ကိုဘခက်သည် အပြစ်ရှိသူတစ်ယောက်ကဲ့သို့ မျက်စိမျက်နှာမလှ ဖြစ်နေလေသည်။

"ကျွန်တော် ဒီတစ်ခုတော့ဖြင့် 'မ' ကို ဖုံးကွယ်မိပါတယ်။ ဖုံးကွယ်တယ်ဆိုတာလည်း ကျွန်တော့်မှာ အကြောင်းရှိတယ်။ ဒီအကြောင်းကို ဖွင့်ပြောရရင် 'မ' အပေါ်မှာ ကျွန်တော် နောက်ထပ်အပြစ်တစ်ခု ကျူးလွန်သလို ဖြစ်တော့မှာမို့ ကျွန်တော့်စိတ်ကို ကျွန်တော် အများကြီးချုပ်တည်းထားပါတယ်" **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဆရာက သိပ်ပြီးလျှို့ဝှက်တာပဲ။ ကြောင်လက်သည်းဝှက်ဆိုတာ ဆရာ့လိုပုဂ္ဂိုလ်မျိုးပဲနေမှာပေါ့နော်။**

**'မ' တို့ကတော့ လူချင်းဆက်ဆံတဲ့နေရာမှာ ဖုံးကွယ်ပြီးဆက်ဆံတာကို မကြိုက်ဘူး။**

**ပွင့်ပွင့်လင်းလင်းဆက်ဆံမှု ကြိုက်တယ်။ ဖုံးကွယ်ပြီးဆက်ဆံတာဟာ မရင်းနှီးတဲ့သဘောကိုပြတာပဲ။**

**ဆရာက 'မ' ကို ဖုံးကွယ်ပြီးဆက်ဆံနေပေမယ့် ဆရာ့အကြောင်းကို 'မ' သိပါတယ်ဆရာ"**

**ကိုဘခက်သည် အတတ်နိုင်ဆုံး ကြိုးစား၍ ဟန်ဆောင်နေရသော်လည်း မသိမသာ မျက်နှာပျက်နေသည်။**

**'မ' ကမူ ကိုဘခက်၏ အဖြစ်ကိုကြည့်ရင်း ကျေနပ်နေမိလေသည်။**

**"နေပါဦး ... ကျွန်တော် ဘာများဖုံးကွယ်လို့လဲ။ 'မ' ကို ကျွန်တော် မဖုံးကွယ်ပါဘူး"**

**"အမယ် ... ဆရာက ညာမပြောပါနဲ့။ ဆရာ့စာအုပ်တွေကြည့်ရင် . . .**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးကျော်ဇော-ဒေါ်လှလှစန်း(အ.လ.ပြ-ငြိမ်း)တို့၏သား

**မောင်ဇင်ကိုကိုထွန်း (B.E, Civil)**

ဦးစီးအရာရှိ(မြို့ပြ)

(လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန)

နှင့်

နေပြည်တော်နေ ဦးသာစိုး(အထွေထွေမန်နေဂျာ၊ ပစ္စည်းစီမံ-ငြိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်သန်းသန်းဌေး (အ.လ.ပြ-ငြိမ်း)တို့၏သမီး

**မနှင်းသဇင်စိုး (B.E, Civil)**

ဦးစီးအရာရှိ(မြို့ပြ)

(လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန)

တို့သည် ၁၀-၁၀-၂၀၂၂ ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**မောင်ဇင်ကိုကိုထွန်း-မနှင်းသဇင်စိုး**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-( ၃၀ )၊ မြေကွက်အမှတ်-( ၄၆၃ )အရ မြေဧရိယာ-( ၀. ၀၅၅ )ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-( ၄၆၃ )၊ ဗိုလ်ဇင်ယော်(၂)လမ်း၊ ၃၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဒေါ်မိုးမြတ်မြတ်သင်း** ( ၁၂/မရက (နိုင်) ၁၁၂၉၂၂ )အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသွင်ဇာနည်ဦး(ဥပဒေဘွဲ့)** | **ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၄၇၄)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)** |

**အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## ကျောက်တံတားခရိုင်တရားရုံးတော်

## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈၇

| | | |
|---|---|---|
| ၁။ ဒေါ်ဘီလ်ကစ်ဘာနူ<br>၂။ ဟိုမယ်ရာ(ခ)ဒေါ်သန္တာဖြိုး (ကိုယ်တိုင်နှင့် ကျန်တရားလို များ၏အခွင့် ကိုယ်စားလှယ်)<br>၃။ ဂျူနယ်ဒ်(ခ) ဦးရန်နိုင်<br>၄။ မဆူမိတ်ယာ(ခ)ဒေါ်သန္တာငြိမ်း | (ကွယ်လွန်သူ ဦးမာစွတ်၏ တရားဝင် ကိုယ်စားလှယ်များ) နှင့် | ၁။ ဒေါက်တာခင်စောရီ<br>၂။ ဦးကျော်မြင့် |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တိုက်- (A/၁၀၀၂)နေ (၂) တရားပြိုင် ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တိုက်ခန်းလက်ဝယ်ထားရှိခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားလို လက်ဝယ်ထားရှိသော တိုက်ခန်းကို ထိပါးနှောင့်ယှက်ခြင်းမပြုရန် ထာဝရတားဝရမ်းရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖော်သူရ)**

**တွဲဖက်ခရိုင်တရားသူကြီး(၂)**

**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၇၃/က)၊ နဝရတ်(၁၁)လမ်း၊ ၈-ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၃/က)၊ ဧရိယာ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးသိန်းစိုး [၁၂/သကတ(နိုင်)၀၅၂၁၁၅] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မာချို [၁၂/သကတ(နိုင်)၀၈၃၅၂၂]မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၁၁၅၇၆)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၉)၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၁၁၅၄၃၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခီမာဒေဝီ [၁/မကန(နိုင်)၀၈၁၅၇၈]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၄၀၀၀၃၆၂၈၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ မချောစု(ခ)မာယာ [၉/မကန(နိုင်)၁၃၇၆၆၆]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၉၀၇၄၈၃၉၃**

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ခေတ်သစ်စံ ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-9မှ စောဂျွန်ကိုကိုထွန်းနှင့် Grade-1မှ နော်အစ်ဗယ်လာချိုတို့၏ ဖခင်အမည်မှန်မှာ ဦးစောအေဒီဝင်းထွန်း [၇/ကတခ(နိုင်)၁၁၀၆၈၈] ဖြစ်ပါကြောင်း။

**ဦးစောအေဒီဝင်းထွန်း**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၀၅၁)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဒုဗိုလ်မှူးကြီးကျော်ဗညား (ဘ) ဦးအေးကျော် [၇/ပမန(နိုင်)၀၁၆၀၅၅] အမည်ပေါက်မြေကွက်၏ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင်ကျမ်းကျိန်လွှာ(မူရင်း)၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ မြေကွက်နေရာ (ယာယီ) ချထားပေးသည့်လက်မှတ် မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေကွက်နေရာ (ယာယီ) ချထားပေးသည့်လက်မှတ်(မူရင်း)ကို ပယ်ဖျက်ပြီး မိတ္တူမှန်လျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## အခြေခံပညာဦးစီးဌာန

## အငယ်တန်းအင်ဂျင်နီယာ(၂) လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ပညာရေးမှူးရုံးများတွင် အငယ်တန်းအင်ဂျင်နီယာ(၂) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် သတင်းစာခေါ်ယူသည့်နေ့မှစ၍ လျှောက်လွှာများကို အခမဲ့ရယူပြီး လျှောက်ထားနိုင်ပါသည်-

၂။ အထက်ဖော်ပြပါ ရာထူးအတွက် လျှောက်ထားသူသည်-

(က) တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

( ခ ) ဌာနတွင်းဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်များသည် အင်ဂျင်နီယာဘွဲ့ရရှိသူ (သို့) AGTI ဒီပလိုမာဘွဲ့ရရှိသူများ ဖြစ်ရမည်။

( ဂ ) ဝန်ထမ်းဖြစ်ပါက အသက် (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။)

(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) အနည်းဆုံး လုပ်သက် (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော နိုင်ငံ့ဝန်ထမ်းများသည် အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးတွင် တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ မိမိတာဝန်ထမ်းဆောင်လိုသည့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပါသည်။

၅။ အသက်ကန့်သတ်ချက်ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့ဖြင့် တွက်ချက်သည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်ဓာတ်ပုံ (၂) ပုံ

( ခ ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်နှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူများ (လျှောက်လွှာတင်သွင်းချိန်တွင် မူရင်းများတင်ပြရမည်)

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

( င ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

( စ ) အိမ်ထောင်စုစာရင်းမိတ္တူ

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်

( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်နှင့် ရဲစခန်းတို့မှ ထောက်ခံစာမူရင်းတို့ကို ပူးတွဲတင်ပြရမည်။ [လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား(မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။]

၇။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၉-၁၀-၂၀၂၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၈။ ရေးဖြေ/နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| စဉ် | ရေးဖြေဖြေဆိုရမည့် ဘာသာရပ် | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | ၁၂-၁၁-၂၀၂၂ ရက် နံနက် (၉) နာရီမှ (၁၀) နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | ၁၂-၁၁-၂၀၂၂ ရက် နံနက် (၁၀) နာရီမှ (၁၁) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | ၁၂-၁၁-၂၀၂၂ ရက် နံနက် (၁၁) နာရီမှ (၁၂) နာရီထိ |

၁၀။ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းစာမေးပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် ၁၃-၁၁-၂၀၂၂ ရက်မှ ၁၄-၁၁-၂၀၂၂ ရက်ထိ နံနက် (၉)နာရီမှ ညနေ (၄:၃၀)နာရီထိ ကျင်းပမည်ဖြစ်ပါသည်။

**အခြေခံပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၆/၇)၊ အေးသာယာ(၆)လမ်း၊ အေးသာယာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၅၃၅/က)၊ မြေကွက်အမှတ်(၇)၊ ဧရိယာ (၀.၀၃၄)ဧကရှိ နှစ်(၆၀) ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးအောင်မျိုးမြင့် [၁၂/လမန(နိုင်)၀၁၂၁၃၅] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၁၁၅၇၆)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၉)၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉- ၄၃၁၁၅၄၃၂**

## "ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ တိုက်အမှတ်(၃၂/၃၄)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ၊ (ခြေရင်းခန်း)၊ ရေမီးစုံ (BCC)ကျပြီး တိုက်ခန်းနှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်း။**

အထက်ပါတိုက်ခန်းကို ဒေါ်နန်းစိန်(ခ)စိန်နန်းမေ [၁၃/လရန(နိုင်)၀၁၉၈၀၃] လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းကြောင်း ဝန်ခံပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဦးညဏ်မြင့် [၇/ညလပ(နိုင်)၀၅၀၃၃၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၈-၁၀-၂၀၂၂)ရက်တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးစာချုပ်"ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ယခုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများ(မူရင်း)နှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ချောစုအောင်**

**LL.B(တရားလွှတ်တော်ရှေ့နေ)**

**စဉ်-၁၀၈၉၅ / 30-6-2016**

**အမှတ်- 34(B)၊ မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်( ၂၇၂၈)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးမောင်ထွေးအမည်ပေါက် မြေကွက်ကို ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ **ဒေါ်နီနီဝင်း (ဘ) ဦးသိန်း [၉/လဝန(နိုင်)၁၉၉၅၈၂]**မှ ယာယီမြေပေးလက်မှတ်၊ ဒက္ခိဏခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၆၅၇/၂၀၂၂)၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး **မြေပေးမိန့်** ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပေးမိန့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ်(၃၉)၊ အခန်းအမှတ်(၁၄၀၃)အား အမည်ပေါက် ဦးအေးချမ်း [၁၂/ရကန(နိုင်)၀၀၀၃၆၅]ထံမှ ဦးဝဏ္ဏစိုး [၁၂/လမတ(နိုင်)၀၃၁၆၅၉] က ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**

**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ကျောက်တံတားခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၉

| | | |
|---|---|---|
| Mohamed Nasir (ခ) ဦးကျော်စွာထွန်း | နှင့် | ၁။ ဒေါက်တာခင်စောရီ<br>၂။ ဦးကျော်မြင့် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တိုက်-(A/၁၀၀၂)နေ (၂) တရားပြိုင် ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တိုက်ခန်းလက်ဝယ်ထားရှိခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားလိုလက်ဝယ်ထားရှိသော တိုက်ခန်းကို ထိပါးနှောင့်ယှက်ခြင်း မပြုရန် ထာဝရတားဝရမ်းရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်၊ (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖော်သူရ)**

**တွဲဖက်ခရိုင်တရားသူကြီး(၂)**

**ကျောက်တံတားခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## ကျောက်တံတားခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၈

| | | |
|---|---|---|
| ဒေါ်နီလာ | နှင့် | ၁။ ဒေါက်တာခင်စောရီ<br>၂။ ဦးကျော်မြင့် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တိုက်-(A/၁၀၀၂)နေ (၂) တရားပြိုင် ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တိုက်ခန်းလက်ဝယ်ထားရှိခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားလို လက်ဝယ်ထားရှိသောတိုက်ခန်းကို ထိပါးနှောင့်ယှက်ခြင်း မပြုရန် ထာဝရတားဝရမ်းရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၀ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖော်သူရ)**

**တွဲဖက်ခရိုင်တရားသူကြီး (၂)**

**ကျောက်တံတားခရိုင်တရားရုံး**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်၊ မူလတန်းအဆင့် (KG မှ Garde 4ထိ) သင်ထောက်ကူပစ္စည်းများ (Refill)အား ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ အရောက်ပေးပို့ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မူလတန်းအဆင့် (KG မှ Grade 4ထိ) သင်ထောက်ကူပစ္စည်း တင်ဒါလုပ်ငန်းစဉ်များအား အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် | - | (၁၂-၁၀-၂၀၂၂)ရက်၊ (၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် | - | (၂၅-၁၀-၂၀၂၂)ရက်၊ (၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ပညာဌာန၊ အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် (၀၆၇- ၃၄၀၇၈၁၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၈၄၁) အကျယ်အဝန်း (ပေ ၄၀xပေ ၆၀) ဦးသောင်းညွန့် အမည်ပေါက် ပါမစ်မြေကွက်အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မွက်ဟဝန်ခံသူ ဦးသိန်းဇော်လင်း [၁၂/ရကန(နိုင်)၀၁၅၂၄၉] က ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် အရောင်းတန်ဖိုးငွေကျပ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**အထက်တန်းရှေ့နေများ**

**ဦးပြည့်ဖြိုးပိုင်(LL.B)** (စဉ်-၄၈၄၂၇)
**ဦးမင်းကိုဦး (LL.B)** (စဉ်-၄၈၃၂၁)

**အမှတ်(၁၇၅၉)၊ ကျွန်းရွှေမြိုင်(၂)လမ်း၊ (၁၈) ရပ်ကွက်၊ တောင်ဒဂုံ။**
**ဖုန်း-၀၉-၇၈၇၀၇၅၉၄၂၊ ၀၉-၈၉၉၈၈၂၄၉၉**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ကျွန်မ၏ မိတ်ဆွေများဖြစ်ကြသည့် ဦးဌေးဝင်း [၆/တသရ(နိုင်)၀၁၀၉၇၃] နှင့် ဒေါ်မိုးမိုးလွင်[၆/တသရ(နိုင်)၀၁၀၈၇၉] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ရွာမရပ်ကွက်၊ အရှေ့မော်တုန်းကျေးရွာနေ ဦးဌေးဝင်း[၆/တသရ(နိုင်)၀၁၀၉၇၃]နှင့် ဒေါ်မိုးမိုးလွင်[၆/တသရ(နိုင်)၀၁၀၈၇၉]တို့၏သားဖြစ်သူ မောင်ထက်ဝေယံ(ခ) ကိုထက် (ဘ) ဦးဌေးဝင်း[၆/တသရ(နိုင်)၀၈၇၃၁၁] ကိုင်ဆောင်သူသည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် မောင်ထက်ဝေယံ (ခ) ကိုထက်နှင့် ပတ်သက်သော ကိစ္စအဝဝတို့မှာ မိဘများနှင့် သက်ဆိုင်ခြင်းမရှိဘဲ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဆွေမြင့်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၀၉၉)**
**အမှတ်-၂၄၉(ခ)၊ ၅/၁ရပ်ကွက်၊ စိန်ချယ်လမ်း၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၉၆၂၇၇၉၄၈၁**

## မြေနှင့်အိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၅)လမ်း၊ အိမ်အမှတ်(၂၂၃/က)၊ အလျား(၂၀)ပေx အနံ(၆၀)ပေ နှစ်(၆၀)ဂရန်မြေနှင့်အိမ်အပါအဝင် ယင်းတို့နှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဇာခြည်လတ်[၁၂/ဥကတ(နိုင်)၁၄၁၃၄၀]နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ထွန်းမင်း [၁၂/သကတ(နိုင်)၁၄၁၃၈၃]တို့မှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိနေထိုင်လျက်ရှိကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ဦးနိုင်အောင်လင်းမှ အဆိုပြုချက်ကို ယုံကြည်ပါသောကြောင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။ အထက်လိပ်စာပါ အိမ်/မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးနိုင်အောင်လင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမွန်အောင်** (စဉ်-၁၅၃၇၂) မဟာဥပဒေဘွဲ့
**ဒေါ်နှင်းယုဝင်း** (စဉ်-၁၇၈၄၂) ဥပဒေဘွဲ့
**တရားလွှတ်တော်ရှေ့နေများ**
**အောင်မြန်မာ-ဥပဒေနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်း**
**အမှတ်(၁၀/ခ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄၊ ၀၉-၂၅၄၀၀၁၄၅၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/မြောက်)၊ မြေကွက်အမှတ်( ၂၆၈/က ) ( ၂၆၈/ခ )၊ အကျယ်အဝန်း(၂၀ ပေ × ၆၀ ပေ) စီရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်(၂)ကွက် နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ်( ၂၆၈/က+ခ )၊ မြို့မ( ၁၂ )လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်နှင်းယုခိုင် (၁၂/ထတပ (နိုင်) ၀၀၃၉၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်( ၇-၁၀-၂၀၂၂) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ်-၆၃၂၀)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်( ၆၆ )၊ နတ်ရှင်နောင်လမ်း၊ ( ၁ )ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၄၃၀၈၈၅၄၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကစ္စနား[၁/မကန(နိုင်)၁၇၀၉၁၈]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၃၆၂၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၉၈(ပဲမှီကုန်း)၊ မြေကွက်အမှတ်-၇၉/စ^၁၊ ဧရိယာ (၁၁.၄၅၃)ဧက၏ အစိတ်အပိုင်း မြေကွက်တည်နေရာ အမှတ်- ၇၂၊ မဉ္ဇူလမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ အင်းစိန်မြို့နယ် A ဘဂေါင်းအမည်ပေါက် B-မြေပိုင်မြေ (လ/န-၃၉) မြေအား ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်တရားရုံးတရားမကြီးမှုအမှတ်- ၃၆၀/၂၀၁၇ ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ ၂၂-၁-၂၀၁၈ ရက်စွဲပါ တရားရုံးစီရင်ချက်၊ အမိန့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၂၆/၂၀၀၈ တွင် ဘီလစ်ဒေါ်မြဖူးအိမ်ပြောင်းရွှေ့သွားပါသဖြင့် ဘီလစ်ဒေါ်ယမင်းနန္ဒာအား ပြောင်းလဲခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၉-၄-၂၀၂၂)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းထုံးပုံကျ အပြီးသတ်အမိန့် (၂၈-၄-၂၀၂၂)ရက်စွဲပါ ဘီလစ်ခန့်အပ်ကြောင်း ဌာနသို့ အကြောင်းကြားစာတင်ပြပြီး ဘီလစ်ဒေါ်ယမင်းနန္ဒာ [၁၂/ဥကမ(နိုင်)၂၁၉၀၉၇]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- တိုးချဲ့ပေါက်တော၊ မြေကွက် အမှတ်- ၈၅၊ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ် (၈၅)၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အင်းစိန် (ဦးကောင်းကျော် [၁၂/သဃက(နိုင်)၀၇၄၄၀၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအား အမည်ပေါက် ဦးကောင်းကျော်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်- ၄၅၈၀/၂၀၂၁ (၂၃-၁၂-၂၀၂၁)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ချိုချို [၁၂/သဃက(နိုင်)၀၇၄၄၀၂]မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မူရင်းမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးကြောင်း လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းလုံးဝ မရှိပါကြောင်း ကိုယ်တိုင်ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုစာရင်းတို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်တော**
**မှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

# ဗိုလ်မှူးကြီးကျော်ဇင်လင်း (DSA-38)
## အသက် (၄၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဗိုလ်မှူးခင်မောင်ကြီး(ငြိမ်း)-(ဒေါ်ခင်မြင့်သိန်း)တို့၏သား၊ ကျိုင်းတုံမြို့နေ(ဦးမင်းအောင်)- ဒေါ်နန်းဆောင်တို့၏ သား/သမက်၊ ဒေါ်သုတဉာဏ်ဇာ၊ ဒေါ်ခင်သီ၊ ဒေါ်ခင်စန္ဒာစိုးတို့၏ တူ/သား၊ နေပြည်တော်နေ ဗိုလ်မှူး ဒေါ်နန်းမိုးမိုးအောင်၏ ခင်ပွန်း၊ မနန်းရှင်းသန့်အိမ်၊ မ နန်းကြည်နူးခန့်၊ မနန်းလင်းလတ်သွယ်တို့၏ဖခင်၊ ဦးရဲဖြိုးသိန်း၊ ဦးဝဏ္ဏအောင်တို့၏ အစ်ကိုဖြစ်သူ ဗိုလ်မှူးကြီးကျော်ဇင်လင်း သည် ၁၁-၁၀-၂၀၂၂ ရက်(အင်္ဂါနေ့) ညနေ ၅ နာရီ ၅၀ မိနစ်၌ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၂၂ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၃:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်ငြိမ်းအေးဇရပ်မှ နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပတ်စ်ပို့ပျောက်

ကျွန်မ မရာသာဒေဗီ [၁/မကန(နိုင်)၁၅၇၄၀၃]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၀၀၃၆၂၈၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဘီမလာဒေဗီ[၁/မကန(နိုင်)၂၃၆၂၅၅]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၀၀၃၆၂၈၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ မြေကွက် အမှတ်(၃၈၅/ခ)၊ အကျယ်အဝန်းပေ(၂၂x၆၀)၊ ၀.၀၃၀ဧကရှိ ဒေါ်စီစီ[၁၂/ဗဟန(နိုင်)၀၃၁၈၃၈] အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက် (မြေငှားဂရန်)နှင့် ယင်းမြေကွက်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ဦးအောင်မြင့်ထူး[၁၂/ကတတ(နိုင်)၀၂၇၆၂၄] နှင့် ဦးအောင်ကျော်စိုး[၁၂/ကတတ(နိုင်)၀၀၀၁၃၇] တို့မှ ဆက်စပ်ပိုင်ဆိုင်သည့် စာချုပ် အထောက်အထားမူရင်းများဖြင့် မိမိတို့ နှစ်ဦးသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ ယင်းကိစ္စရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်[၁၂/လသန(နိုင်)၀၁၀၉၆၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြူးမဥ္ဇူ(LL.B,D.B.L,D.I.P.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၇၇၃)**
**အမှတ်(၆၀)၊ (၆)လမ်း၊ (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**+၉၅(၉) ၄၂၀ ၇၀၅ ၄၇၅**

## "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ပု(စ်)ပါ (ဘ) ဦးဒန်ရာချ်ဘားမား [၁၂/ပဘတ(နိုင်)၀၁၃၀၄၅] အမှတ်(၂၁)၊ ၃-လွှာ၊ ဦးချစ်မောင်လမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

"ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၂၁)၊ ၃-လွှာ၊ အကျယ်အဝန်း (၂၀ပေ x ၄၀ပေ) အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးလှမြိုင် [၁၂/ဗဟန(နိုင်)၀၅၅၁၄၁]ထံမှ နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်စာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးအာဂျေးကူမာမှ (၁၀-၁၀-၂၀၂၂)ရက်တွင် ကျွန်ုပ်မိတ်ဆွေအား မေတ္တာဖြင့်အပိုင်ပေးခြင်း ကတိစာချုပ်ဖြင့် တိုက်ခန်းလွှဲပြောင်း ပေးအပ်သဖြင့် တိုက်ခန်းကို ဥပဒေနှင့်အညီ လက်ရောက်ရရှိထားသူဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်မှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ပု(စ်) ပါသာ ဖြစ်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ပု(စ်)ပါ**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း**
**LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၃၁၃၅၊ ၀၉-၅၀၂၇၃၂၂**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မလွှကုန်းမီးရထားဝင်း၊ တွဲတန်းလျား၊ အခန်းအမှတ် (GH-၂၆၈၃) နေ ဦးမျိုးသက်အောင် (ဘ) ဦးရွှေအေး [၁၄/ဓနဖ(နိုင်)၀၉၂၄၂၃]နှင့် ဒေါ်ဝင်းစန္ဒာထွေး(ဘ) ဦးမောင်ရွှေ [၁၂/မဂတ(နိုင်) ၀၉၄၂၆၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမျိုးသက်အောင်နှင့် ဒေါ်ဝင်းစန္ဒာထွေးတို့၏ သားဖြစ်သူ မောင်ဝေယံနိုင် [၁၂/မဂတ(နိုင်)၁၁၆၃၀၈]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် (၁၆-၇-၂၀၂၂)ရက်တွင် ၎င်း၏သဘောဆန္ဒအလျောက်ပြုမူဆောင်ရွက်ပြီး နေအိမ်မှဆင်းသွားသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးမျိုးသက်အောင်(ဖခင်)**
**ဒေါ်ဝင်းစန္ဒာထွေး (မိခင်)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း**
**(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၃၁၃၅၊ ၀၉-၅၀၂၇၃၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဝွေးတောက်အိုင် ကျေးရွာအုပ်စု၊ထောက်ကြန့်ကုန်းကွင်း၊ကွင်းအမှတ်-၉၃၇ တွင် တည်ရှိသောဧရိယာ (၂၄.၀၃) ဧက မြေကွက်ကို တရားဝင်လုပ်ပိုင်ခွင့် ရရှိထားသူထံမှ အဆက်ဆက်စာချုပ်များဖြင့်ဝယ်ယူ၍ တရားဝင် လက်ရောက် ရယူကာ လုပ်ကိုင် အသုံးပြုနေသူဖြစ်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ (ကွယ်လွန်သူ ဦးအောင်မြသိန်း၏ တစ်ဦးတည်းသောဇနီး) ဒေါ်သီတာစိုး (၁၂/အစန(နိုင်)၁၃၈၈၂၂) ထံမှ ၎င်းမြေကွက်လုပ်ပိုင် အသုံးပြုခွင့်နှင့် အခြားဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍(၇) ရက်အတွင်း တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပြီးမြောက် ပိုင်ဆိုင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်လင်းထက် (LL.B.,D.B.L.,D.I.P.L.)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၇၆)
အမှတ် ၂၂ (၅-B)၊ ပြည်သူ့ကွက်သစ် (၄) လမ်း၊ မှန့်/တောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၇၇၇၇၀၇၅၃၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဝင်းမြင့်[၉/တကန(နိုင်)၁၂၉၈၁၁]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိသည့် ဇေယျာသီရိမြို့နယ်၊ နန်းသြအုပ်စု၊ ပုပ္ပားကုန်းကွက်သစ်၊ မြေကွက်အမှတ်(၅၀၃)ဟု ခေါ်တွင်သော အလျား(၆၀)ပေx အနံ(၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်စာတမ်းအဆက်ဆက်ဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးမြင့်သန်း(ဘ) ဦးမြင့်လွင်[၉/ပမန(နိုင်)၁၀၄၈၂၇]က ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်မြတ်ကို [၁၂/သကတ(နိုင်)၁၆၆၂၅၅]မှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာလုံလောက်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝါဝါထူး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၀၈)**
**အမှတ်(၁၀၄)၊ သိပ္ပံလမ်း၊ ဂဠုန်ရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၂၀၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ အမျိုးသားညီညွတ်ရေးလမ်း၊ အမှတ်(၂၈၇/ခ)ဟု ခေါ်တွင်သော နှစ်(၆၀) ဂရန် အမည်ပေါက် ဦးတင်ဝင်း (N/OKA 014454) အမည်ဖြင့် ထွက်ရှိသော မြေကွက်အတွင်းမှ ခြေရင်း အမှတ်(၂၈၇/ခ) ဟုခေါ်တွင်သော (၁၉ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် RC အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်စန်း [၁၂/လမန(နိုင်)၀၉၈၁၂၂]မှ တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သဇင်ဖူးဝေ [၈/စလန(နိုင်) ၁၂၅၉၆၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာလာသန်းမြင့် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၇၁၆)**
**အမှတ်(၅၁)၊ (၄)လွှာ၊ အနော်မာ (၁)လမ်း၊**
**(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၃၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”ကို ခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒီ့တာဝန်အရေး ၃ ပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးအဖြစ် ခမ်းနားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီ

## နိုင်ငံ၏သမိုင်းနှင့်ယှဉ်၍ ပေါ်ပေါက်လာခဲ့သည့် ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် တာဝန်ကျေပွန်စွာထမ်းဆောင်

**နေပြည်တော် အောက်တိုဘာ ၁၁**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများမရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီး



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၆)မှ (၁၀၉)အထိ ပြိုလဲပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၁**

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများ မရှိစေရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

**အမှောင့်လုပ်ရပ်များ လုပ်ဆောင်**

ထို့ပြင် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တယ်လီဖုန်းတာဝါတိုင်များအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော လျှပ်စစ်မီးရရှိရေးအတွက် အဘက်ဘက်မှ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖**